## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## အဋ္ဌမနေ့မှတ်တမ်း

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် )

[ ဗုဒ္ဓဟူးနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၇)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၏ (၈၄.၃၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော် ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန် အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးလှဆွေ၊ မကွေး(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောအေးမြိုင်၊ ကရင်(၈)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးမောင်သာခင်၊ ရခိုင်(၈)၊ ကျန်းမာရေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ကျန်းမာရေး။ ဦးတင်မြင့်၊ ပဲခူး(၃)၊ ကျန်းမာရေး။ ဦးခမ်ဆွမ်းမုန်၊ ချင်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမနားနိုင်း၊ ချင်း(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာဝင်းမြင့်အောင် စစ်ကိုင်း(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး (၃)၊ ကျန်းမာရေး။ ဒုတိယဗိုလ်မှူးကြီးမင်းသူ၊ တပ်မတော်၊ တာဝန်။ ဦးအောင်ကြည်ညွန့်၊ မကွေး(၄)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်(၁)၊ ကျန်းမာရေး တို့ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၁၇)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၀) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၄)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးကျင့်စဉ် ဆောင်ရွက်ရန် နည်းလမ်းများကို မည်သို့စီမံ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း က ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးကျင့်စဉ် ဆောင်ရွက်ရန် နည်းလမ်းများကို မည်သို့စီမံ ဆောင်ရွက်ပေးနေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးရှိတဲ့ ပြည်ထောင်စု ဒုတိယဝန်ကြီးများ၊ ကိုယ်စားလှယ်များ၊ ပညာရှင်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းများ တောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစောမော်ထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျေးလက်ဒေသ မွေးမြူရေးလုပ်ငန်းများတွင် ဇီဝလုံခြုံရေးကျင့်စဉ် ဆောင်ရွက်ရန် နည်းလမ်းများကို မည်သို့စီမံ ဆောင်ရွက် ပေးနေသည်ကို သိရှိလိုတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကျေးလက်ဒေသတွေမှာ အသားကဏ္ဍ အတွက် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ ငုံး၊ ဆိတ် စတာတွေကို တစ်နိုင်တပိုင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်း အနေနဲ့ ဖြစ်စေ မွေးမြူကြပါတယ်။ ဒီလို မွေးမြူရေး တိရစ္ဆာန်များမှ တစ်ခါတစ်ရံ ကူးစက်ရောဂါတွေ ဖြစ်ပွားတတ်ပါတယ်။ ကူးစက်ရောဂါတွေကြောင့် လုပ်ငန်းရှင်တွေ ဆုံးရှုံးရတဲ့ အဖြစ်တွေလည်း ကြုံတွေ့ ခဲ့ရပါတယ်။ (၁၀)စုနှစ်အတွင်းမှာ ကျွန်တော်တို့ နိုင်ငံတစ်ဝှမ်း တိရစ္ဆာန်များမှာ ပြင်းပြင်းထန်ထန် ကူးစက် ရောဂါတွေ ဖြစ်ပွားခဲ့ပါတယ်။ ကြက်၊ ငှက်တုပ်ကွေးရောဂါ၊ ဝက်နားရွက်ပြာ ရောဂါတွေဟာ သက်ဆိုင်ရာ ဗိုင်းရပ်(စ်)ရောဂါပိုးများကြောင့် ဖြစ်ပွားတဲ့ ကူးစက်ရောဂါတွေ ဖြစ်ပါတယ်။ ကုသရန် ဆေးမရှိပါဘူး။ ဒီလိုကူးစက်ရောဂါ ကာကွယ်ဆေးတွေဟာလည်း ရောဂါတစ်မျိုးတည်းအတွက်သာ ကာကွယ်ပေးနိုင်ပြီး တော့ အခြားမျိုးမတူတဲ့ ရောဂါတွေကို အကာအကွယ်မပေးနိုင်ပါဘူး။

ဥပမာ - ကျွဲ၊ နွား ဒေါင့်သန်းရောဂါ ကာကွယ်ဆေးဟာ ဒီရောဂါအတွက် ကာကွယ်ပေးနိုင်ပေ မယ့် ကျွဲ၊ နွားတွေ ပေါင်ပုပ်၊ လက်ပုပ်ရောဂါအတွက်ကို ကာကွယ်ပေးနိုင်ခြင်း မရှိပါဘူး။ ဒီအခါမှာ ဇီဝ လုံခြုံရေးကျင့်စဉ်ကို မဖြစ်မနေကျင့်သုံးရမှာ ဖြစ်ပါတယ်။ ကူးစက်ရောဂါ (၂)မျိုးကို အတတ်နိုင်ဆုံး မဖြစ်ပွားစေရန်နဲ့ ထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံတကာမှာ အသုံးပြုနေတဲ့ ဇီဝလုံခြုံရေးကျင့်စဉ်ကို အသုံး ပြုကြဖို့ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနမှ တစ်ဆင့် တစ်နိုင်ငံလုံးကို ဆော်ဩအသုံးပြုလျက်ရှိပါတယ်။ တိရစ္ဆာန်အချင်းချင်း ရောဂါကူးစက်မှု၊ တိရစ္ဆာန်မှ လူသို့ ရောဂါကူးစက်မှုများကို ဇီဝလုံခြုံရေးကျင့်စဉ်ရဲ့ ပထမကာကွယ်တဲ့ (First Line of Defence) ကျင့်သုံးပြီးတော့ ကာကွယ်နိုင်ပါတယ်။ ဒါကတော့ မွေးမြူ သူတွေဟာ တိရစ္ဆာန်တွေကို ကာကွယ်ဆေး ထိုးနှံပေးခြင်းပဲ ဖြစ်ပါတယ်။

ဇီဝလုံခြုံရေး ကျင့်စဉ်ဆိုတာကတော့ မိမိမွေးမြူထားတဲ့ တိရစ္ဆာန်တွေကို ပတ်ဝန်းကျင် သို့မဟုတ် ရောဂါဖြစ်တဲ့ တိရစ္ဆာန်တွေနဲ့ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ ထိတွေ့မှုမရှိအောင် ခွဲခြား ထားဖို့၊ ရောဂါဖြစ် ပတ်ဝန်းကျင်မှာရှိတဲ့ ခြံလုပ်သား၊ လူ၊ စားကျက်၊ အစားအစာ၊ ယာဉ်၊ အသုံးအဆောင် ပစ္စည်းတွေနဲ့ ဆက်စပ်ထိတွေ့မှု မရှိအောင် တားဆီးပေးထားခြင်းအားဖြင့် ကူးစက်ရောဂါဝင်ရောက် ဖြစ်ပွားစေမယ့် အခွင့်အလမ်းတွေကို ဖြတ်တောက်တဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ကျေးလက်မွေးမြူရေးလုပ်ငန်းများမှာ ဇီဝလုံခြုံရေးကျင့်စဉ်၊ Biosecurity ဆောင်ရွက်ရန် နည်းလမ်းများကို မည်သို့စီမံဆောင်ရွက်ပေးနေသည်ကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှ

တစ်ဆင့် ကျေးလက်ဒေသ မွေးမြူရေး ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာအောင်မြတ်ဦး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးစောမော်ထွန်း ရဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး ဖြေကြားသွားမှာ ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနအနေနဲ့ အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိရာမှာ တစ်ပိုင်တနိုင် မွေးမြူရေးလုပ်ငန်းများနဲ့ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းစေဖို့အတွက် တိရစ္ဆာန်ရောဂါ ကာကွယ်ရေးနဲ့ ကူးစက်ရောဂါဖြစ်ပွားလာပါက အမြန်ကုသထိန်းချုပ်ပြီးတော့ ဆုံးရှုံးမှုနည်းပါးစေရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိရစ္ဆာန်များမှာ ဖြစ်ပွားတတ်တဲ့ ကူးစက်ရောဂါများကိုတော့ (က)စာရင်းဝင်ရောဂါများနဲ့ (ခ) စာရင်းဝင် ကူးစက်ရောဂါများလို့ သတ်မှတ်ထားရှိပါတယ်။ (က)စာရင်းဝင် ကူးစက်ရောဂါများထဲမှာ ကြက်၊ ငှက်တုပ်ကွေးရောဂါ၊ ဝက်နာရွက်ပြာရောဂါ၊ ခွာနာလျှာနာရောဂါ၊ ဒေါင့်သန်းရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ပေါင်ပုပ်၊ လက်ပုပ်ရောဂါ၊ ဝက်ဝမ်းကျရောဂါ၊ ကြက်လည်လိမ်ရောဂါ၊ ကြက်အဆီအိတ်ရောင်ရောဂါနဲ့ ခွေးရူးရောဂါများ ပါဝင်ပါတယ်။ (ခ)စာရင်းဝင်ရောဂါများကတော့ ဘရူဆဲလာ သားလျှော ရောဂါ၊ အဆုပ်ရောဂါ၊ သုတ်ရောဂါ၊ စောင်းရောဂါ၊ ကြက်၊ ဘဲဝမ်းကျရောဂါ၊ ကြက်လေပြွန်ရောင်ရောဂါ၊ ကြက်ချေးဖြူရောဂါ၊ မားရတ်ခ်ရောဂါနဲ့ ဘဲပလိပ်ရောဂါတို့ပဲ ဖြစ်ပါတယ်။

အဆိုပါရောဂါများထဲကနေမှ ကူးစက်မြန် ပြင်းထန်တဲ့ ကြက်၊ ငှက်တုပ်ကွေးရောဂါ၊ ဝက်နာရွက်ပြာရောဂါ၊ ခွာနာ၊ လျှာနာရောဂါနဲ့ ခွေးရူးရောဂါတို့လို ရောဂါမျိုးကတော့ တိုက်ရိုက်ကုသရန် ဆေးမရှိတဲ့အတွက်ကြောင့်မို့လို့ ရောဂါထိန်းချုပ်မှု လုပ်ငန်းများကို ဇီဝလုံခြုံမှု ကျင့်စဉ်များနဲ့ တွဲဖက်ပြီးတော့မှ ဆောင်ရွက်ပေးရတဲ့ ရောဂါများ ဖြစ်ပါတယ်။ ကုသ၍ရသော ရောဂါဖြစ်စေ၊ ကုသ၍ မရသောရောဂါဖြစ်စေ ဖြစ်ပွားလာပါက စီးပွားရေးအရ ဆုံးရှုံးမှု၊ ထုတ်လုပ်မှုအရ ဆုံးရှုံးမှုများရှိလာတဲ့အပြင် အများပြည်သူကျန်းမာရေးအတွက် ထိခိုက်နိုင်တဲ့အတွက် ရောဂါမဖြစ်မီ ကြိုတင်ကာကွယ်တဲ့အနေနဲ့ ဇီဝလုံခြုံမှုကျင့်စဉ်များကို ဝန်ကြီးဌာနအနေနဲ့ အလေးအနက်ထားပြီး ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ အဆိုပါ ဇီဝလုံခြုံမှုကျင့်စဉ် Biosecurity နဲ့ ပတ်သက်ပြီး ဆောင်ရွက်ရန် နည်းလမ်းများ၊ Standard Operation Procedures များကို ဝန်ကြီးဌာနက ချမှတ်ပေးပြီးမှ ပြည်တွင်း/ပြည်ပမှာရှိတဲ့ ပညာရှင်များ ပံ့ပိုးမှုနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ ခရိုင်၊ မြို့နယ်၊ ကျေးလက်အဆင့်အထိ တိရစ္ဆာန် ဆေးကုပညာရှင်များနဲ့ ကျေးလက်လူငယ်များ ပူးပေါင်းပြီး Biosecurity လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ရောဂါများကူးစက်ခြင်း မဖြစ်ပေါ်စေဖို့နဲ့ ကူးစက်ရောဂါများ မပြန့်ပွားစေဖို့အတွက် ဒေသအတွင်းမှာရှိတဲ့ မွေးမြူရေးလုပ်ကိုင်သူများ၊ တစ်ပိုင်တနိုင် မွေးမြူသူများ၊ ကျေးလက်နေလူထုနှင့် ကျေးလက်လူငယ်များကို သက်ဆိုင်ရာရောဂါများရဲ့ သင်္ကေတ လက္ခဏာများ သိရှိစေဖို့နဲ့ Biosecurity ဆောင်ရွက်ပုံနည်းလမ်းများကို သိရှိလာနိုင်စေရန် အသိပညာပေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ကူးစက်ရောဂါဖြစ်ပွားမှုကို ချက်ခြင်းသိရှိ ထိန်းချုပ်နိုင်ရေးအတွက် အသိပညာပေးခြင်းအပြင် သံသယဖြစ်ဖွယ် တိရစ္ဆာန်များမှ နမူနာပစ္စည်းများကိုလည်း ဒေသဆိုင်ရာ ဓာတ်ခွဲခန်းများကို အမြန်ပေးပို့ စစ်ဆေးခြင်း၊ ၎င်းမှတစ်ဆင့် ဒေသတွင်း ကိုးကားပြုသော Reference Laboratory များကို ပေးပို့စစ်ဆေးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားကြောင်း သိရှိရပါက ရောဂါထိန်းချုပ်ရေးအဖွဲ့များ စေလွှတ်ပြီး ကျေးရွာနှင့် ပူးပေါင်း ရောဂါကူးစက်မှု အမြန်ထိန်းချုပ်ခြင်းလုပ်ငန်းများကိုလည်း စီမံဆောင်ရွက်ထားတာဖြစ်ပါတယ်။ Bio - security နဲ့ ပတ်သက်ပြီး နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများမှ ကြိုတင်ကာကွယ်ရန်နဲ့ ထိန်းချုပ်ရန်ကို (က)စာရင်းဝင် တိရစ္ဆာန်ကူးစက်ရောဂါ (၉)မျိုး အပါအဝင် အခြားကူးစက်ရောဂါများကို လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ကုန်သွယ်ရေး ဝင်ပေါက်များမှ Check Points များမှ Correction အစီအစဉ်များ ထားရှိပြီးမှ ဆောင်ရွက်စစ်ဆေးခြင်းအပြင် နယ်စပ်ဖြတ်ကျော် ရောဂါများကိုလည်း ပိုမိုထိရောက်စွာ စုံစမ်းဖော်ထုတ်နိုင်ရန်အတွက် စစ်ဆေးရေးအဖွဲ့များမှ ပါဝင်ပြီးတော့ စစ်ဆေးခြင်း၊ ဖမ်းဆီးရမိတဲ့ တရားမဝင်ပစ္စည်းများကို စနစ်တကျ ဖျက်ဆီးခြင်းများအပြင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး ရောဂါသတင်း အလျင်အမြန်ရရှိနိုင်ဖို့အတွက် တိရစ္ဆာန်ဆေးကု ဆရာဝန်များကို အပြည်ပြည်ဆိုင်ရာ သင်တန်းများသို့ စေလွှတ်ပြီး သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။

တိရစ္ဆာန်ရောဂါများ မဖြစ်ပွားစေဖို့နဲ့ တိရစ္ဆာန်မှ လူသို့ရောဂါများ ကူးစက်ခြင်း မရှိစေဖို့အတွက် သီးခြားမွေးမြူရေး ပတ်ဝန်းကျင် ဖြစ်ပေါ်စေဖို့အတွက် တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ မွေးမြူရေးဇုန်များ ဖော်ထုတ်ခြင်း၊ ရောဂါထိန်းချုပ်မှု လျှင်မြန်ထိရောက်စေဖို့အတွက် ရောဂါစူးစမ်းလေ့လာရေး သင်တန်းများ Outbreak Investigation Training ဖွင့်လှစ်သင်ကြားပေးခြင်းနဲ့ သံသယဖြစ်ဖွယ် တိရစ္ဆာန်များမှ ရရှိလာတဲ့ နမူနာပစ္စည်းတွေကို တိကျမှန်ကန်စွာ စစ်ဆေးဖော်ထုတ်နိုင်ဖို့အတွက် ဓာတ်ခွဲခန်း အရည်အသွေးများ မြင့်မားစေရေး ဆောင်ရွက်ခြင်း၊ ရောဂါနှင့် ပတ်သက်သော မျိုးရိုးဗီဇပြောင်းလဲမှုများအား သိရှိနိုင်ဖို့အတွက် နိုင်ငံတကာ ဓတ်ခွဲခန်းများနှင့် ချိတ်ဆက်ခြင်းတို့ကိုလည်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် FAO မှ ပညာရှင်များ၊ NGO များ ပူးပေါင်းပြီး Prevent Myanmar Project ကဲ့သို့သော စီမံကိန်းများနှင့် Biosecurity အသိပညာပေး ဖြန့်ဖြူးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဝန်ကြီးဌာန အနေနဲ့ ဇီဝလုံခြုံမှု လုပ်ငန်းများကို ထိရောက်စွာ အထောက်အကူပြုနိုင်ရေးအတွက် ခရိုင်တိုင်းမှာ ဓာတ်ခွဲခန်းများ ဖွင့်လှစ်

နိုင်ရေးနဲ့ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်နိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန အနေနဲ့ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်အဆင့်မှ ကြီးကြပ်ပြီး မြို့နယ်အဆင့်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိတဲ့ ကျေးရွာအဆင့် ဝန်ထမ်းများ၊ ကျေးလက်လူငယ်များ ပါဝင်တဲ့ ဇီဝလုံခြုံမှု အစုအဖွဲ့ ယူနစ်များကို လက်ရှိအနေအထား ထက် ပိုမိုတိုးချဲ့ဖွဲ့စည်းပြီးတော့မှ Bio security Surveillance ဇီဝလုံခြုံစနစ် မှန်ကန်မှု ရှိ/မရှိ စစ်ဆေး လေ့လာခြင်းနဲ့ Clinical Surveillance ရောဂါဖြစ်ပွားမှု စုံစမ်းသတင်းပို့ခြင်း လုပ်ငန်းများကိုလည်း ပိုမိုတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မတူပီမြို့နယ်၊ အိုက်ကားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အတွက် ကျောင်းဆောင် သစ်ကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီ မြို့နယ်၊ အိုက်ကားကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အတွက် ကျောင်းဆောင်သစ်ကို ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာ ပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ အိုက်ကားကျေးရွာ အ.လ.က(ခွဲ)၊ အိုက်ကား ကျေးရွာ ကျောင်းဆောင်သစ် တည်ဆောက်ရန် ရန်ပုံငွေ တောင်းခံခြင်းကို ဒီဇင်ဘာလ(၁၂)ရက်နေ့၊ ၂၀၁၃ နေ့ စာအမှတ် ဌနစ (၁/ခ)၂၈၁၉ အဆ ဖြင့် အဆင့်ဆင့် တင်ပြပြီး ချင်းပြည်နယ် ပညာရေး အခြေခံမှ ထောက်ခံတင်ပြပြီးဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော် ယနေ့တိုင် မရရှိသေးပါသဖြင့် ၎င်း တောင်းခံထားသော ရန်ပုံငွေအား ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေ၌ ထည့်သွင်းပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မင်းတပ်မြို့နယ်ရှိ မဒပ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အဆင့်သို့ ဦးစားပေး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လွှာကျေးရွာ၊ အခြေခံပညာမူလတန်း တွဲဖက်ကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဦးစားပေး တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။** ။ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က မင်းတပ်မြို့နယ်ရှိ မဒပ်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းအား အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ ဦးစားပေးအဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ လွှာကျေးရွာ၊ အခြေခံပညာ မူလတန်း တွဲဖက်ကျောင်းအား အခြေခံပညာမူလတန်းကျောင်း(ခွဲ)အဖြစ် ဦးစားပေး တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ တို့နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ မင်းတပ်မြို့နယ်ရှိ မဒပ်ကျေးရွာ မူလွန် ကျောင်းအား အလယ်တန်းကျောင်းခွဲအဖြစ် လည်းကောင်း၊ လွှာကျေးရွာ မူလတန်းတွဲဖက်ကျောင်းအား မူလတန်းကျောင်းခွဲအဆင့် တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်ခင်ဗျား။ ဒီကျောင်း (၂)ကျောင်းဟာ ကျွန်တော် လွှန်ခဲ့တဲ့ အဋ္ဌမပုံမှန်အစည်းအဝေးနဲ့ နဝမပုံမှန် အစည်းအဝေးတုန်းက ကြယ်ပွင့်မပြမေးခွန်းအဖြစ်နဲ့ မေးမြန်းခဲ့တဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မင်းတပ်မြို့နယ်၊ တိုက်နယ်အမှတ်(၄)ရှိ မဒပ်ကျေးရွာ မူလွန် ကျောင်းဟာ မင်းတပ်မြို့နယ်မှာ မူလွန်ကျောင်းများအနက် ကျောင်းသားအများဆုံး မူလွန်ကျောင်း တစ်ကျောင်း ဖြစ်ပါတယ်။ သို့သော် ယခုနှစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ ကျွန်တော်တို့ မင်းတပ် မြို့နယ်မှာ အလယ်တန်းကျောင်းခွဲ(၃)ကျောင်းရရှိပါတယ်။ သို့သော်လည်းပဲ ကျောင်းသားအများဆုံး ဖြစ်ပြီးတော့မှ ကျွန်တော်တို့ ဒီ အလယ်တန်းကျောင်းခွဲ ရတဲ့အထဲမှာ တိုးမြှင့်တဲ့အထဲမှာ ပါဝင်လာခြင်း မရှိ ပါဘူး။ ဒီ မူလွန်ကျောင်းနဲ့ ပတ်သက်လို့ နဝမပုံမှန် အစည်းအဝေးတုန်းကလည်း ကြယ်ပွင့်မပြမေးခွန်းနဲ့ မေးမြန်းခဲ့တဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေပြီးမှ ပြန်လည်ဖြေကြားတဲ့နေရာမှာ အခြေခံပညာ ဦးစီးဌာန ကနေပြီးတော့မှ ဒီ အမှုတွဲ တက်မလာတဲ့အတွက်ကြောင့်မို့လို့ ဆောင်ရွက်ပေးနိုင်ခြင်း မရှိတဲ့ အကြောင်း ကျွန်တော်ပြန်ကြားတာ ရရှိခဲ့ပါတယ်။

မဒပ်ကျေးရွာဟာ ကျောင်းသားစုစုပေါင်း၊ ကျွန်တော်အမှုတွဲနဲ့လည်း တစ်ခါထပ်ပြီး ပြန်တင်ပြထားတာဖြစ်ပါတယ်။ ကျောင်းသား(၂၂၈)ဦးရှိပြီးတော့မှ အလယ်တန်းကျောင်းသား (၇၈)ဦး ရှိပါတယ်။ ကျွန်တော်တို့ဆီမှာ ဝေးလံသီခေါင်တဲ့ ဒေသဖြစ်တဲ့အတွက်ကြောင့်မို့ ကျောင်းသားဦးရေ နည်းတာတော့အမှန် ဖြစ်ပါတယ်။ သို့သော်လည်းပဲ ဒီလိုနည်းသော်လည်းပဲ တကယ်တမ်း ရပ်ဝေးမှာနေတဲ့

ကလေးတွေ ကျောင်းပညာသင်ကြားနိုင်အောင် အခုလို ပညာရေးဝန်ကြီးဌာန အနေနဲ့ ကျွန်တော်တို့ကို ဒါ လျှော့ပေါ့ ပြီးတော့မှ စဥ်းစားပေးလာတဲ့အတွက်ကြောင့်လည်း တကယ်ပဲ ဂုဏ်ယူဝမ်းမြောက်စရာ ကောင်းပါတယ်။ မနှစ်ကရတဲ့ (၄)ကျောင်းတင်တဲ့အထဲမှာ (၃)ကျောင်း ရသွားပြီးမှ အများဆုံးကျောင်း အဲဒီလို ကျန်သွားတာ ခုပြောတဲ့အတိုင်းပဲ အခြေခံပညာကနေပြီးတော့မှ အမှုတွဲ မတက်လို့ မပေးနိုင်ဘူး ဆိုတဲ့ဟာကို ကျွန်တော် ပြန်ကြားခွင့် ရရှိခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မေးခွန်း မေးမြန်းစဥ်ကာလပဲ အမှုတွဲနဲ့ ပြန်လည် ပူးတွဲတင်ပြထားပြီးလည်း ဖြစ်ပါတယ်။ ယခုအချိန်မှာ မြို့နယ်အဆင့် အမှုတွဲကို ပြန်လည် စုစည်းပြီး အဆင့်ဆင့် ထပ်မံတင်ပြခဲ့ရာ ချင်းပြည်နယ်ပညာရေးမှူးရုံးသို့ ရောက်ရှိပြီး ဖြစ်ကြောင်းလည်း ကျွန်တော် စုံစမ်းသိရှိရပါတယ်။ နောက်တစ်ခုက မင်းတပ်မြို့နယ် လွှာကျေးရွာရှိ မူလတန်း(တွဲ)ကျောင်း ဖြစ်ပါတယ်။ ကျောင်းသားဦးရေ အများဆုံးဖြစ်ပြီး ယခုနှစ် မူလတန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်တဲ့ နေရာမှာ မပါလာခဲ့ပါဘူး။ ဒါကိုလည်း ကျွန်တော် အဌမပုံမှန်အစည်းအဝေးတုန်းက ကြယ်ပွင့်မပြ မေးခွန်းနဲ့ မေးမြန်းခဲ့တဲ့အခါမှာ ပညာရေးဝန်ကြီးဌာနကနေ ပြန်လည်ဖြေကြားတဲ့နေရာမှာ အဖက်ဖက်မှ ပြည့်စုံတဲ့အတွက်ကြောင့်မို့ လာမယ့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အဆင့် တိုးမြှင့်ပေးပါမယ်လို့ ကတိပေးခဲ့တဲ့ ကျောင်းလေး ဖြစ်ပါတယ်။ ဒီကျောင်းဟာ ကိုယ်ထူကိုယ်ထ ကျောင်းအဖြစ်နဲ့ လွန်ခဲ့တဲ့ (၂၅)နှစ်လောက်ကတည်းက တကယ့်ကို ကိုယ်ထူကိုယ်ထနဲ့ ရွာကနေပြီးတော့မှ ဆရာ (၃)ယောက် ငှားပြီး ကလေးတွေရဲ့ ပညာရေးကို ကြိုးစားလာခဲ့တဲ့ ကျေးရွာဖြစ်ပါတယ်။ နှစ်ပေါင်းအစိတ်ကျော်ပါပြီ။ ဒါကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ တွဲဖက်မူလတန်းကျောင်း ရရှိခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၁၄-၂၀၁၅ မှာ ဒါကို ကျောင်းဆရာ ရရှိနိုင်အောင်ဆိုပြီးတော့မှ ကျောင်းသားကလည်း များနေတဲ့ အတွက်ကြောင့် ဒါလေးကို မနှစ်က တင်ပြခဲ့တာ ဖြစ်ပါတယ်။ မူလတန်းကျောင်းခွဲအဖြစ်နဲ့ အဲဒါကိုလည်း ခု ပြောသလိုပဲ ကျွန်တော်က စီစဥ်ဆောင်ရွက်ပေးပါမယ်ဆိုပြီးမှ မပါလာတဲ့အတွက်ကြောင့် ခု ဒီကျောင်းနှစ်ကျောင်းကို ကျွန်တော့်အနေနဲ့ ပြန်ပြီးတော့မှ ကြယ်ပွင့်ပြမေးခွန်းနဲ့ ပြန်လည်မေးမြန်းတာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် ကျွန်တော် အောက်ပါမေးခွန်းနှစ်ခုကို မေးမြန်းအပ်ပါတယ်။ (က) မင်းတပ်မြို့နယ်ရှိ မဒပ်ကျေးရွာ အ.မ.က မူလလွန်ကျောင်းအား အ.လ.က(ခွဲ) ကျောင်းအဆင့်သို့ လာမည့် ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ဦးစားပေးအဆင့် တိုးမြှင့်ပေးရန် အစီအစဥ် ရှိ/ မရှိနဲ့ (ခ) မင်းတပ်မြို့နယ်မှ လွှာကျေးရွာ မူလတန်းတွဲဖက်ကျောင်းအား အ.မ.က ကျောင်းခွဲအဖြစ် ဦးစားပေး တိုးမြှင့်ပေးပါရန် အစီအစဥ် ရှိ/ မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကျေးလက်နေပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ် ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော်မှ ချင်းပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ရဲ့ မေးခွန်းကို ပထမဆုံး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ် ဆောက်လုပ်မှု လုပ်ငန်းများနှင့်ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်း ကြာမြင့်ပြီး အန္တရာယ်ရှိမှု အခြေအနေ မြို့နယ် ဦးစားပေးအစီအစဉ် ကျောင်းအလိုက် တန်းစီစာရင်းတွေ ထည့်သွင်းလျာထားခြင်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများအရ မူလစီမံချက်တွင် မပါရှိသဖြင့် ၂၀၁၄-၂၀၁၅ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် မရှိပါကြောင်း ပထမမေးခွန်းအနေနဲ့ ရှင်းလင်းတင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ချင်းပြည်နယ်အမှတ်(၈)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ရဲ့ မေးခွန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ချင်းပြည်နယ် မင်းတပ်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်ထိ အခြေခံ ပညာ အထက်တန်းကျောင်း (၃)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (၃)ကျောင်း၊ အခြေခံ ပညာ အလယ်တန်းကျောင်း (၆)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (၁၁)ကျောင်း၊ အခြေခံ ပညာ မူလတန်းလွန်ကျောင်း (၂၉)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း (၈၈) ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ (၁၄)ကျောင်း၊ တွဲဖက် အခြေခံပညာမူလတန်းကျောင်း (၃)ကျောင်း စုစုပေါင်း (၁၅၇)ကျောင်း ရှိပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွင်း အခြေခံပညာ အထက်တန်း ကျောင်း (၁)ကျောင်း၊ အခြေခံပညာ အထက်ကျောင်းခွဲ (၁)ကျောင်း၊ အခြေခံပညာ အလယ်တန်း ကျောင်း(၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းခွဲ (၆)ကျောင်း၊ အခြေခံပညာ မူလတန်း ကျောင်း (၂)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ (၉)ကျောင်း၊ စုစုပေါင်း (၂၁)ကျောင်းကို ဖွင့်လှစ်ခွင့်ပြုခဲ့ပါတယ်။ ချင်းပြည်နယ် မင်းတပ်မြို့နယ် မဒပ်ကျေးရွာ အခြေခံပညာ မူလတန်းလွန် ကျောင်း ပဥ္စမတန်း (၁၆)ဦး၊ ဆဋ္ဌမတန်း(၇)ဦး၊ သတ္တမတန်း(၁၁)ဦး စုစုပေါင်း အလယ်တန်းဆင့်သင် ကျောင်းသားဦးရေ (၃၄)ဦး လွှာကျေးရွာ တွဲဖက်အခြေခံပညာ မူလတန်းကျောင်းတွင် သူငယ်တန်း (၃၃)ဦး၊ ပထမတန်း (၁၂)ဦး၊ ဒုတိယတန်း (၆)ဦး စုစုပေါင်း မူလတန်းဆင့်သင် ကျောင်းသားဦးရေ (၅၁)ဦးတို့သာ ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းအဆင့် တိုးမြှင့်ပေးရန် သတ်မှတ်ချက်မှုများ ရှိပါတယ်။ အများအားဖြင့် ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/ မရှိအပေါ် ထည့်သွင်းစဉ်းစား သတ်မှတ်ပါတယ်။ သို့ရာတွင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ဒေသန္တရ အခြေအနေ ဒေသဖွံ့ဖြိုး

တိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍လည်း သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့် တိုးမြှင့်ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု ဒေသန္တရအခြေအနေ ဒေသဖွံ့ဖြိုး တိုးတက်ရေး စသည့်လိုအပ်ချက်များအပေါ် မူတည်၍ ကျောင်းသားဦးရေ အဆင့် သတ်မှတ်ချက် မူဝါဒကို ဖြေလျှော့ပြီး သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့က ဒေသအခြေအနေအရ ကိုယ်စားလှယ် တော်ကြီး တင်ပြသော မဒပ်ကျေးရွာနှင့်လွှာကျေးရွာရှိ ကျောင်းများအား သက်ဆိုင်ရာ ကျောင်းအဆင့် ဖြစ်သော အခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် အခြေခံပညာ မူလတန်းကျောင်းခွဲများအဖြစ် အဆင့်တိုးမြှင့်ပေးသင့်ကြောင်း သဘောမှတ်ချက်ပြုလာပါက ကျောင်းအဆင့်တိုး တန်းစီဇယားတွင် ထည့်သွင်းပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားစွာဖြင့် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ဝန်ကြီးအား ကျွန်တော် တင်ပြမေးမြန်းလိုပါတယ်။ ပညာရေးဌာနအနေနဲ့ တန်းစီဇယား မရှိကြောင်း အခါအားလျော်စွာ ဖြေကြားပေးပါတယ်။ တန်းစီဇယားဆိုတာ ပညာရေး ဌာနအနေနဲ့ အဆင့် (၁) (၂)(၃)(၄)(၅) ရှိတယ်လို့ ရှိပါတယ်။ အဲဒါကို ပြန်လည်ဖြေကြားတဲ့ အခါမှာ ကျွန်တော်တို့ အဆင့် ဘယ်လောက်မှာရှိတယ် ဆိုတာကို နောက်နောင်ဆို ပြန်လည် ဖြေကြားပေးဖို့ အစီအစဉ် ကျွန်တော် တင်ပြလိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ယခင်က ပညာရေး လူမှု အထက်တန်း ကျောင်း ရရန် အစီအစဉ် မေးမြန်းတဲ့အခါမှာ အစီအစဉ် မရှိပါကြောင်းကို ဝန်ကြီး ဖြေကြားတယ်။ တစ်လအတွင်းမှာပဲ ဒီကျောင်းရသွားတယ်။ ဒါကြောင့် ကျွန်တော် တင်ပြချင်တာက ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ မေးမြန်းတဲ့ကိစ္စကို ပြည်နယ်နှင့်ညှိနှိုင်းခြင်း မရှိဘဲ မေးမြန်းခြင်း မရှိဘဲ ဖြေကြားတယ် လို့ပဲ ကျွန်တော် ယူဆလို့ မေးမြန်းခြင်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ မေးမြန်းတဲ့ကိစ္စမှာ လွှတ်တော် ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ မေးမြန်းတာ မဟုတ်ဘဲ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရတဲ့ ကိစ္စရပ်များဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ ဖြေကြားတဲ့ကိစ္စဟာ မှန်မှန်ကန်ကန်နဲ့ တိတိကျကျ ဖြေကြားစေလိုကြောင်း ကျွန်တော် တင်ပြပါတယ်။ တခြားတခြားဌာနရဲ့ အတွေ့အကြုံ လည်း ကတိကဝတ် အများကြီး ရှိပါတယ်။ သို့သော်လည်း အချိန်ကြာမြင့်မှာဖြစ်တဲ့အတွက် တင်ပြခြင်း မရှိပါဘူး။ ကျွန်တော်၏ အတွေ့အကြုံအရ ဤကဲ့သို့ တင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတာကောင်းပါတယ်ခင်ဗျား။ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံး အဆင့်တိုးစာရင်းကို ပြည်နယ် အစိုးရနဲ့ ညှိပြီးတော့ ကျွန်တော်တို့ တောင်းပေးပါမယ်။ လောလောဆယ်တော့ ပညာရေး ဝန်ကြီးဌာန အနေနဲ့ လွှတ်တော်ရဲ့ မေးခွန်း(၆၀)ရာခိုင်နှုန်းက ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန ကနေပြီးတော့ တာဝန်ယူဖြေကြားရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ မေးခွန်းတွေက ပြီးခဲ့တဲ့အပတ်က မေးခွန်းတွေကို တောင်မှ ကျွန်တော်တို့ အခုထက်ထိ ဖြေနေရတုန်းပဲ ရှိပါတယ်။ ဖြေရတဲ့ ဥစ္စာမှာလည်း ကျွန်တော်တို့က နယ်အဆင့်ထိ မဆင်းနိုင်ပါဘူး။ ဆင့်ကဲ ဆင့်ကဲ သွားပြီးတော့ မြို့နယ်အဆင့်၊ မြို့နယ် အဆင့်ကနေပြီးတော့ ခရိုင်၊ တိုင်းအဆင့်နဲ့ လာတဲ့အခါမှာ အချိန်မီ ဖြေဖို့ တာဝန်ရှိတဲ့အတွက်မှာ အလျင်လိုတဲ့အတွက် ကျွန်တော်တို့ ဒီလိုမျိုးဖြစ်သွားပါတယ်။

တကယ်တမ်း လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ဖြေကြားဖို့လည်း ကျွန်တော်တို့ အစီအစဉ် ရှိပါတယ်။ နောင်ဆိုလို့ရှိရင်လည်း အတတ်နိုင်ဆုံး တိတိကျကျ ဖြေနိုင်အောင် ဆောင်ရွက်ပေးပါမယ် အဓိက ကတော့ နားလည်ပေးစေချင်တာကတော့ ကိုယ်စားလှယ်ကြီးတွေ မေးတဲ့ မေးခွန်းရဲ့ မေးခွန်း (၁၀၀)မှာ (၆၀)ရာခိုင်နှုန်းက ပညာရေးဖြစ်နေပါတယ်။ ပြီးခဲ့တဲ့အပတ်က မေးခွန်းတွေကိုတောင်မှ ကျွန်တော်တို့ ခုထက်ထိပဲ အခြေခံပညာကို မေးပြီးတော့ ပြန်ဖြေကြားနေရတဲ့ အဆင့် ရှိပါတယ်။ အခြေခံ ပညာကလည်း သူ့သဘောထားတစ်ခု မဟုတ်ဘဲနဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ တစ်ခါ ပြန်ဝင်ရတာ တိုင်းဒေကြီး အစိုးရအဖွဲ့ကလည်း မြို့နယ်အဆင့်ထိ သူက တစ်ခါ ပြန်မေးရပါတယ်။

အဲဒီတော့ ဆင့်ကဲ ဆင့်ကဲ ကြာမြင့်တဲ့အတွက် အချိန်ကို ကျွန်တော်တို့ ယူတဲ့အခါမှာ တိကျမှု သေချာမှုက နည်းနည်းလေး နည်းသွားပါတယ်။ အဲဒီတော့ အချိန်ပေးထားနိုင်မယ်ဆိုရင်တော့ ပြည့်ပြည့်စုံစုံလေး ဖြေကြားသွားပါမယ်လို့ တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ အနည်းငယ် တင်ပြချင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခု ကျွန်တော် အကြံပြုလိုတာပါ။ ကျွန်တော်တို့ အခုလို တကယ်လိုအပ်လို့ ဒါ ကျောင်းနဲ့ ပတ်သက်လာလို့ရှိရင်တော့ ကျောင်းသားအရေအတွက်ကတော့ ထည့်ကို စဉ်းစားစရာကို မလိုတော့တာပါ။ ကျွန်တော်တို့ ဝေးလံသီခေါင်တဲ့ ဒေသတွေမှာ လူနေကျဲတယ် ကျေးရွာတွေလည်း ငယ်တယ် ရွာကြီး တစ်ရွာမှာ အိမ်ခြေ (၅၀) ရှိတယ်ဆိုတော့ ရွာသိမ်ရွာငယ်တွေ များတယ်။ လူဦးရေ နည်းတဲ့အတွက်ကြောင့် ကျောင်းသားနည်းတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရက ကျွန်တော်တို့လည်း လွှတ်တော်ထဲမှာ အကြိမ်ကြိမ် တင်ပြတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရကလည်း ပညာရေး ဝန်ကြီးဌာနကလည်း အဲဒီလို ဖြေလျှော့ပေးတဲ့အတွက် တကယ်လည်း ဝမ်းသာတယ်။

ကျွန်တော် အကြံပြုချင်တာက ဒီကျောင်းတွေကို ကျွန်တော်တို့ မေးခွန်းမေးတဲ့အခါမှာ ဒီမေးခွန်းကို ပြည်နယ်အစိုးရကို လုပ်ပိုင်ခွင့်တာဝန်ခံအနေဖြင့် ဒီမေးခွန်းနဲ့ပတ်သက်လို့ လှမ်းမေးသင့်ပါတယ်။ လှမ်းမေးလို့ရှိရင် တကယ်လို့ သူတို့က ဒီကျောင်းကို လာမယ့် ပညာသင်နှစ်မှာ တကယ် လိုအပ်တဲ့အတွက်ကြောင့် ဒါ ထည့်ပေးမယ်ဆို ဥပမာ ကျွန်တော်တို့ ချင်းပြည်နယ်ဆိုရင်တော့ ဝန်ကြီးတွေက သူ့မြို့နယ်အလိုက် ဝန်ကြီးတစ်ပါး ကိုယ်မြို့နယ်လိုက် တာဝန်ခံ ရှိပါတယ်။ ဝန်ကြီးချုပ်က အဲဒီလို တာဝန်ပေးထားတာ ရှိပါတယ်။

ဒါကြောင့် တကယ် လိုအပ်သလား မလိုအပ်ဘူးလား တကယ် ပေးသင့်သလား မပေးသင့်ဘူးလားဆိုတာ ပြည်ထောင်စုအစိုးရကနေ လှမ်းမေးလိုက်လို့ရှိရင် သူတို့က ပေးသင့်တယ်ဆိုရင် ပေးမယ်ဆိုရင် လာမယ့် ပညာသင်နှစ် လာမယ့်ပညာသင်နှစ် ဆိုတာ ဖေဖော်ဝါရီလမှာ ကျွန်တော်တို့က ကျောင်းအဆင့်တိုးမြင့်တာတွေ ဆောင်ရွက်တယ်ဆိုတာ တစ်ချိန်က ဒုတိယဝန်ကြီး လာရှင်းပြလို့ သိရပါတယ်။ ဒါကြောင့် အဲဒီလို ပြည်နယ်ကနေပြီးတော့မှ ပေးမယ်လို့ ကတိပြုလို့ရှိရင်တော့ ကျွန်တော်တို့ ကိုလည်း လာမယ့် ထိုင်တဲ့အချိန်မှာ တကယ်ထည့်ပေးပါမယ်ဆိုပြီးမှ အဖြူနဲ့ အမည်းကို ရှင်းအောင် ကျွန်တော်တို့မေးခွန်းကို ဖြေပေးရင်တော့ ပိုပြီးတော့ ကောင်းမယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။

ပေးနိုင်မယ် လာမယ့် စာသင်နှစ်မှာပေးမယ်ဆိုရင် ဒီလို ဖြေစေချင်ပါတယ်။ မပေးနိုင်ဘူး ဆိုရင်လည်း မပေးနိုင်ဘူးဆိုတာကို ကျွန်တော်က ဖြေစေချင်ပါတယ်။ အခုက ပြည်နယ်အစိုးရနေ သဘောတူရင် ထည့်ပေးမယ်ဆိုတော့အခု ဥပမာ သဘောပြောတာ မူလတန်း ကျောင်းနဲ့ပတ်သက်လို့ တကယ့်ကို နှစ်ပေါင်း (၂၅)၊ (၃၀)ရှိပြီ။ တကယ့်ကို ကိုယ်ထူကိုယ်ထနဲ့ ကနေ့ထိ အသေအလဲ ကျောင်းဆရာ ငှားပြီး လုပ်နေကြတယ်။ တွဲကျောင်းလေး မနှစ်က ရတယ်။ ရလာတယ်အခါကျတော့ ကျောင်းဆရာ မရဘူး။ ခွဲကျောင်းကျမှ ကျောင်းဆရာ ရမယ်ဆိုတော့ ဒီခွဲကျောင်းအတွက်ကို မနှစ်က ကြိုးစားပြီးတော့ တင်ပြတယ်။ တင်ပြပေးတော့ ပညာရေး ဝန်ကြီးဌာနအနေနဲ့ ပေးပါမယ်ဆိုပြီး ကျွန်တော်ကို ကြယ်ပွင့်မပြမေးခွန်းနဲ့ ဖြေတယ်။ ပေးပါ့မယ်ဆိုတဲ့ဟာ အခု တင်လို့ ဟိုကနေ မပေးဘူးဆိုရင် ဘယ်လိုလုပ်မလဲ သဘောက။ အကုန်လုံး ရှေ့နောက် လွဲကုန်တယ်။ ဒါ ပြည်နယ်ကို လှမ်းမေးရင်လည်း ဒီဟာကတော့ မပေးမရှိဘူးလို့ ကျွန်တော်ကတော့ ဒီလိုပဲ ခံယူတယ်။ သူတို့လည်း အားလုံးသိတယ်။ ကျွန်တော်တို့က ကျေးရွာပေါင်း (၁၉၂)ရွာ ရှိတယ်။ ကျွန်တော်တို့ မရောက်တဲ့ရွာ မရှိပါဘူး။ တကယ်ခက်ခဲလို့ ကျွန်တော်တို့ တင်ပြတာ ဖြစ်တယ်။ ဒါကြောင့် ဒီမေးခွန်းကို ပြည်နယ် ကနေလည်း ဒါ ပေးသင့်တယ်ဆိုလို့ရှိရင် ကျွန်တော်တို့ကို လာဖြေတဲ့အခါမှာလည်း ပေးမယ်လို့ ဖြေနိုင်ရင် အကောင်းဆုံး မပေးနိုင်ဘူးဆိုလည်း မပေးနိုင်ဘူး ဆိုတာ အဲဒီလို ရှင်းရှင်းလေး ဖြေရင်တော့ ကျွန်တော့်အနေနဲ့ ကောင်းမယ်လို့ အကြံပြုလိုပါတယ်။ လေးစားပါတယ်။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ပညာရေးဝန်ကြီး ဌာနအနေနဲ့ သဘောထားလေး ပြောပါမယ်။ ကျောင်းကိစ္စ ပညာရေးမှာတာဝန်ရှိတဲ့အတွက် အဆင့်တိုးခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ကျောင်းအသစ် ဖွင့်ခြင်းကို ကျွန်တော်တို့ ဦးစားပေးပြီးတော့ ဆောင်ရွက်ပါတယ်။ ဒါကလည်း ယခင်တုန်းက (၃)မိုင်တို့၊ (၅)မိုင်တို့ကို ဖြေလျော့ပြီးတော့ ဘယ်လိုဆောင်ရွက်မလဲဆိုတာ စဉ်းစားတဲ့အချက်တွေ အများကြီး ရှိပါတယ်။ ယခုကာလမှာ ယာဉ်တိုက်မှု သိပ်များပါတယ်။ ဒါကြောင့်မို့လို့ ကျောင်းသားဦးရေ (၈)သန်းကျော်နဲ့ ကျောင်းဆရာ / ဆရာမ (၃)သိန်းနဲ့ (၇)သောင်းကျော်မှာ နေ့စဉ် နေ့စဉ် ယာဉ်တိုက်မှုတွေ အမြဲတမ်း ဖတ်ရှုနေရ ပါတယ်။

အလားတူပဲ ကျောင်းနဲ့ အိမ်ကြားမှာ မုဒိမ်းမှု၊ ရေနစ်မှု ဒါတွေလည်း တွေ့ကြုံရပါတယ်။ ဒါကြောင့်မို့လို့ အဆင့် တိုးမြှင့်ဆောင်ရွက်တဲ့အခါမှာ အားလုံး အဆင့်တိုးရင် ကောင်းမှာပဲ ဆိုပြီးတော့ ကျွန်တော်တို့ဘက်ကနေပြီးတော့ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ချုပ်တွေ အားလုံး စဉ်းစားကြပါတယ်။ ဒါပေမဲ့ ကျောင်းအဆင့်တိုးခြင်း၊ ကျောင်းအဆင့်မြှင့်တင်ခြင်း၊ ကျောင်းအသစ် ဖွင့်ခြင်းမှာ ဆရာ အခက်အခဲ ပါ။ ကျွန်တော်တို့ ပညာရေးဝန်ကြီး ဌာနအနေနဲ့ တစ်နှစ် တစ်နှစ်ကို ကျောင်းဆရာ၊ ဆရာမ မွေးထုတ်တာ စုစုပေါင်း (၈၀၀၀)လောက် ရှိပါတယ်။ တကယ်တမ်း ပြုန်းတီး အင်အားကလည်း ပင်စင်ယူခြင်း သွားတဲ့ဒေသကို မရောက်ခြင်း၊ ဒါတွေနဲ့ ကျွန်တော်တို့ လုပ်တဲ့အခါမှာ ပြုန်းတီးအင်အား (၈၀၀၀) ပတ်ဝန်းကျင်လောက်ရှိပါတယ်။ အဆင့် တိုးတိုင်း တိုးတိုင်းမှာ ကျောင်းဆရား/ ဆရာမ (၂)ယောက်၊ (၃)ယောက် ဖြည့်သွင်းပေးရပါတယ်။ အထက်တန်းဆိုလို့ရှိရင် ဘာသာရပ် ဆရာပါ ဖြည့်သွင်းပေးရပါတယ်။ ဒါကြောင့် ကျွန်တော်တို့က နေ့စားလပေးနဲ့ ဘွဲ့ရတွေကိုလည်း ပြီးခဲ့တဲ့ လအတွင်းကပဲ ခန့်လိုက်ပါတယ်။ လက်ရှိအခြေအနေမှာလည်း အထက်တန်းပြ (၆၀၀၀)ကျော် လိုပါတယ်။ ဒီ အထက်တန်းပြ (၆၀၀၀)ကျော် လိုတာကလည်း ရှေ့လထဲမှာ ကျွန်တော်တို့ ဖြည့်တင်းပေးဖို့

ဒါကလည်း ကျွန်တော်တို့ ဒီ B.Ed ဆင်းတွေကို လုပ်သက်အရ ပေးရမယ့်၊ လုပ်သက်ဘယ်နှစ် နှစ်ရှိမှ ပေးရမယ်ဆိုတဲ့ ဒီဆင့်တွေကို ဖြည်လျော့ပြီးမှ ပေးရမယ့် အခြေအနေရှိပါတယ်။ ဒါလည်း အားလုံးညှိနှိုင်းတိုင်ပင်ပြီးတော့ ကျွန်တော်တို့ဆောင်ရွက်လျက်ရှိပါတယ်။ အဆင့်တိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းကို ပညာရေးဝန်ကြီးဌာနက အားပေးပါတယ်။ အဓိက အခက်အခဲကတော့ ကျောင်းဆရာ အခက်အခဲဆိုတာလေးကိုပဲ ကျွန်တော်တို့ သဘောပေါက်စေချင်ပါတယ်။

ကျွန်တော်တို့က ပညာရေးဝန်ကြီးဌာနအနေနဲ့ ဘယ်ကျောင်း၊ ဘယ်ကျောင်းကို ကန့်သတ်နေတာ မရှိပါဘူး။ လမ်းဘေးကျောင်းကအစ ကျွန်တော်တို့ အားပေးပါတယ်။ ရွှေ့ရှားကျောင်းတွေလည်း ကျွန်တော်တို့ လုပ်နေပါတယ်။ ပညာရေးသည် ကျွန်တော်တို့က အသက်ကြီးလို့ စာမတတ်ရင်တောင်မှ စာမတတ်သူ ပပျောက်ရေးဆိုပြီးတော့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ တက္ကသိုလ်က ဆရာ/ဆရာမတွေကို၊ ကျောင်းသူ/ကျောင်းသားတွေကို လွှတ်ပြီးတော့ စာသင်နေရပါတယ်။ ဒါကြောင့် ပညာရေးက ကျွန်တော်တို့ အားပေးပါတယ်။ တကယ်တမ်း လူ့စွမ်းအား အရင်းအမြစ်၊ ဆရာ ဝန်ထမ်း မလုံလောက်လို့သာ ကျွန်တော်တို့က စိစစ်နေခြင်းသာ ဖြစ်ပါတယ်။ တကယ်တမ်း ဆရာအင်အားကိုလည်း ကျွန်တော်တို့ ဘယ်လိုမွေးထုတ် မလဲ ဆိုတာကို ကျွန်တော်တို့ အခု ဆွေးနွေးလျက်ရှိပါတယ်။ ကျွန်တော်တို့တင် မကဘဲနဲ့ ပညာရေး ဝန်ကြီးဌာနက နေပြီးတော့ ပင်စင်ယူသွားတဲ့ ပညာရှင်တွေ၊ နိုင်ငံခြားက ပြန်လာတဲ့ ပညာရှင်တွေ၊ ဝန်ထမ်းဟောင်းတွေနဲ့ ပတ်သက်ပြီးတော့ ဘယ်လိုလုပ်ရမလဲဆိုတာ Seminar တွေက ရန်ကုန်မှာ အမြဲတမ်းရှိပါတယ်။ လက်ရှိ အခြေအနေမှာတော့ ပညာရေးဝန်ကြီးဌာနအနေနဲ့ကတော့ အဆင့်တိုးခြင်း၊ အဆင့်မြှင့်တင်ခြင်းကို အားပေးလျက်ရှိပါတယ်။ ကန့်သတ်ခြင်း မလုပ်ချင်ပါဘူး။ ဆရာ အခက်အခဲ ကြောင့်လား ဆိုတာကို နားလည်ပေးဖို့ ကျွန်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

**ရန်ကုန်-ပဲခူး မော်တော်ကားလမ်း မိုင်တိုင်(၁/၃)ရှိ လမ်းနှင့်တံတားဖြတ်သန်းခ အခွန်ကောက်ခံစခန်း (Toll Gate) အား နေရာရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က ရန်ကုန်-ပဲခူး မော်တော်ကားလမ်း မိုင်တိုင်(၁/၃)ရှိ လမ်းနှင့်တံတားဖြတ်သန်းခ အခွန်ကောက်ခံစခန်း (Toll Gate)အား နေရာရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာဖြင့် ပြည့်စုံကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်-ပဲခူး မော်တော်ကားလမ်း၊ မိုင်တိုင် ၁/၃ ရှိတဲ့ လမ်းနဲ့ တံတားဖြတ်သန်းခ အကောက်ခွန်စခန်း (Toll Gate)

အား နေရာရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အနေနဲ့ လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံချောမွေ့စေရန်နဲ့ တိုင်းဒေသကြီးများ၊ ပြည်နယ်များအတွင်း မြို့ ရွာတစ်ခုမှ တစ်ခုသို့ အဆင်ပြေ လွယ်ကူမြန်ဆန်စွာ ဆက်သွယ်သွားလာနိုင်ရန် အဆင့်အတန်း အမျိုးမျိုး သတ်မှတ်ထားတဲ့ လမ်းကွန်ယက် စနစ် (Road Network) ကို တည်ဆောက်ထိန်းသိမ်းလာခဲ့ပါတယ်။ လက်ရှိအချိန်မှာ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလာခြင်းနဲ့အတူ နိုင်ငံတော်မှ တိုက်ရိုက်တာဝန်ယူခဲ့သော စီးပွားရေး လုပ်ငန်းအချို့ကို ပုဂ္ဂလိက တိုင်းရင်းသားများ ပိုင်အဖြစ် BOT စနစ် ကျင့်သုံးလျက် ခွင့်ပြု ချထားပေးခဲ့ပြီး ခွင့်ပြုပေးလျက်လည်း ရှိနေတာ တွေ့ရှိရပါတယ်။ ဤကဲ့သို့ ခွင့်ပြုချက်များ ရယူပြီးတော့ လက်ရှိလည်ပတ်လျက်ရှိကြတဲ့ (Toll Gate) လုပ်ငန်းများအနက် ရန်ကုန်-မန္တလေး-ပြည်လမ်း ထောက်ကြန့်မှ (၁.၃)မိုင်ခန့်အကွာ ရန်ကုန်-ပဲခူးမော်တော်ကားလမ်းပေါ်မှာ တိုင်းရင်းသားကုမ္ပဏီ တစ်ခုဟာ လမ်းနဲ့တံတား ဖြတ်သန်းခ အခွန်ကောက်စခန်းတစ်ခု ထူထောင်လုပ်ကိုင်လျက်ရှိပါတယ်။ တစ်ဖန် ရန်ကုန်-ပဲခူး မိုင်တိုင် ၄/၀ မှ ဝဲဘက်သို့ ခွဲထွက်ဖောက်လုပ်ထားတဲ့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင် ၁/၀ မှာလည်းပဲ ဆောက်လုပ်ရေးဝန်ကြီးဌာနက အလားတူ လမ်းနဲ့ တံတား ဖြတ်သန်းခ အကောက်ခွန်စခန်း (Toll Gate) တစ်ခု ထူထောင်ထားရှိပြီးတော့ မော်တော်ယာဉ် အမျိုးအစား၊ တန်ချိန်အလိုက် ငွေကြေးများ သတ်မှတ်ကောက်ခံလျက် ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်ရဲ့ အခွန်အရပ်ရပ်ကို ထိုက်သင့်သလို ရရှိနိုင်ရန်အတွက် နိုင်ငံတော်နဲ့အတူ တာဝန်ခွဲဝေယူကြရတဲ့ အဆိုပါတိုင်းရင်းသား ကုမ္ပဏီများက (Toll Gates) ထူထောင်လုပ်ကိုင်ကြခြင်းအပေါ် အားပေးထောက်ခံမှုပြုတဲ့ ဘက်တော်သား ဖြစ်ပါတယ်။ နိုင်ငံတော်မှ ရည်မှန်းထားတဲ့ ခရီးသွားပြည်သူများ ငြိမ်းချမ်းစိတ်ချမ်းမြေ့စွာ ခရီးသွားလာနိုင် ကြပြီးတော့ နိုင်ငံတော်အတွက် ပေးဆောင်ကြရမယ့် အခွန်အခများကို တာဝန်ကျေလို ကြပါတယ်။ သို့ရာတွင် လမ်းမကြီး(၂)ခုပေါ်မှာ အဆိုပါလမ်းမကြီးရဲ့ လမ်းခွဲအနီး ခရီးသွား လမ်းကြောင်းမတူတဲ့ (Toll Gates) (၂)ခု ကပ်လျက်ရှိနေတာကတော့ မော်တော်ယာဉ်များဖြင့် ခရီးသွားပြည်သူများ စိတ်အနှောင့်အယှက်များစွာ ကြုံတွေ့မှုရှိနေတာ သိမြင်နေရပါတယ်။ မိမိကိုယ်တိုင်ကဲ့သို့ ယနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများဟာလည်းပဲ တွေ့ကြုံခံစားကြရမယ်လို့ ဆွေးနွေးလိုပါတယ်။ ရန်ကုန်နဲ့ ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတို့ဘက်မှ ဘုရားကြီး- မော်လမြိုင်- နေပြည်တော်- မန္တလေး သို့ ခရီးသည်များ တင်ဆောင်သွားလာကြတဲ့ မော်တော်ယာဉ်များဟာ ပထမ (Toll Gate) ကိုဝင်ကြရပြီး စစ်ဆေးမေးမြန်းခြင်း ခံရပြီးမှ အကောက်ခွန် အခကြေးငွေလွတ်ဖြင့် ဂိတ်မောင်းတံ ဖွင့်ပေးပြီး နောက်တွင်သာ ဆက်လက်ထွက်ခွာကြရပါတယ်။ ယင်းခရီးလမ်းကြောင်းကို အသုံးပြုမှု များလာသော ယာဉ်များအတွက် မလိုလားအပ်သော အချိန်ကြန့်ကြာမှု၊ မကြာခဏ အခြေအတင် ပြောဆိုကြရတဲ့ အခြေအနေမျိုးများကို ခရီးသွားလာသူများ နေ့စဉ်ကြုံတွေ့ နေကြရပါတယ်။

အခြားတစ်ဖက်တွင်လည်း ရန်ကုန်-ပဲခူးလမ်းပိုင်းကို အသုံးပြုသွားလာကြရတဲ့ မော်တော်ယာဉ် အချို့ဟာလည်း နေပြည်တော်- မန္တလေးလမ်းပိုင်း အကြောင်းပြလျက် (Toll Gate) အခွန်အခကို ရှောင်ကွင်းခြင်း ရှိ/မရှိ တတ်အပ်မပြောနိုင်ပါလို့ ယူဆပါတယ်။ တစ်ဖန် မန္တလေး- နေပြည်တော်

ဘက်မှလည်းကောင်း၊ မော်လမြိုင်- ဘုရားကြီးဘက်မှလည်းကောင်း၊ ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းတို့သို့ သွားလာတဲ့ ခရီးလမ်းကြောင်းတို့မှလည်း အလားတူပြဿနာမျိုးများ ကြုံတွေ့ကြရတယ် ဆိုတာ တင်ပြလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုဂ္ဂလိက တိုင်းရင်းသားကုမ္ပဏီပိုင် ထောက်ကြံ့ (Toll Gate)ဟာ အမြန်လမ်းမကြီး မိုင်တိုင်(၁/၀)ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် (Toll Gate)ထက် ရှေ့ပိုင်းစောစွာကတည်းက ထူထောင်ထားသည် ဖြစ်သော်ငြားလည်း ယနေ့ အဆိုပါ(Toll Gate) (၂)ခုဟာ ဗဟိုခရီးလမ်းကြောင်းများပေါ်မှာ ထပ်လျက် နီးကပ်စွာတည်ရှိနေမှုဟာ လက်တွေ့နဲ့ သဘာဝကျနမှု မရှိဘဲ ခရီးသွားလာမှုမှာ အဆင်မပြေမှုများရှိတယ်လို့ သုံးသပ်လိုခြင်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားကုမ္ပဏီတစ်ခုပိုင် ရန်ကုန်-ပဲခူးလမ်းပိုင်း ထောက်ကြံ့လမ်းဘက်တွင် ပိုမိုခရီးနီးသော (Toll Gate) အား ရန်ကုန်- ပဲခူးနှင့် ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းမကြီး စတင်ခွဲထွက်တဲ့ လမ်းဆုံ မိုင်တိုင်(၄/၀) နောက်ပိုင်း ရန်ကုန်- ပဲခူး မော်တော်ကားလမ်းပေါ် သင့်လျော်သော နေရာသစ်တစ်ခုသို့ ရွှေ့ပြောင်းပေးရန် အစီအစဉ် ရှိ/ မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၂။**

**ဦးစိုးတင့် (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများ အားလုံး သုခမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ အမှတ်(၆)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမျိုးမြင့် မှ မေးထားတဲ့ ထောက်ကြံ့- ပဲခူး လမ်းအပိုင်းရှိ ထောင်ကြံ့ (Toll Gate)အား ရန်ကုန်- ပဲခူး နဲ့ ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းမကြီး စတင်ခွဲထွက်သော လမ်းဆုံနောက်ပိုင်း ရန်ကုန်- ပဲခူးလမ်းပေါ်တွင် သင့်လျော်သော နေရာသစ်သို့ ပြောင်းရွှေ့ပေးရန် အစီအစဉ်ရှိ/ မရှိ သိလိုကြောင်း မေးခွန်းနဲ့ ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မက်စ်ဟိုင်းဝေး ကုမ္ပဏီလီမိတက်က တာဝန်ယူတဲ့ လမ်းအသုံးပြုခကောက်ခံတဲ့ ထောက်ကြံ့ (Toll Gate)ဟာ မိုင်တိုင် (၁/၀)မှ (၁/၁)အကြားမှာ တည်ရှိပြီးတော့ ထောက်ကြံ့- ပဲခူးလမ်းအပိုင်း မိုင်တိုင်(၀/၀)မှ (၃၂/၆)အထိ အပိုင်းကို BOT နှုန်းနဲ့ လမ်းအသုံးပြုခကောက်ခံတဲ့ ဂိတ်တစ်ခုဖြစ်ပါတယ်။ ဒီဂိတ်ဟာ ရန်ကုန်- နေပြည်တော်- မန္တလေး (Toll

Gate)သို့သွားတဲ့ မော်တော်ယာဉ်များ၊ မင်္ဂလာဒုံမြို့နယ်အဆုံးမှ လှည်းကူးမြို့နယ်အစ မိုင်တိုင် (၂/၇)အထိသွားတဲ့ မော်တော်ယာဉ်များကို အခမဲ့ ဖြတ်သန်းသွားရတဲ့ ဂိတ်တစ်ခုဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မက်စ်ဟိုင်းဝေးကုမ္ပဏီမှလည်းပဲ လက်ရှိလမ်းအသုံးပြုခ ကောက်ခံလျက်ရှိတဲ့ ထောက်ကြံ့ (Toll Gate)မှာ အချို့မော်တော်ယာဉ်များဟာ အခမဲ့ အသုံးပြုခွင့်ပေးထားတဲ့ နယ်မြေထက်ကျော်လွန်ပြီးတော့ ပဲခူး (Toll Gate) မရောက်မီဒေသများသို့ သွားရောက်နေသည့်အတွက် လမ်းအသုံးပြုခ ကောက်ခံရန် အခက်အခဲရှိနေပါကြောင်းနဲ့ လက်ရှိ(Toll Gate)နေရာ မိုင်တိုင် (၁/၀)မှ (၁/၁) အတွင်းနေရာမှ ရန်ကုန်- နေပြည်တော်- မန္တလေး အမြန်လမ်းမကြီး စတင်ခွဲထွက်သော လမ်းဆုံ၏နောက်ပိုင်း ထောက်ကြံ့- ပဲခူး- မန္တလေး လမ်းဟောင်း မိုင်တိုင်(၄/၀)မှ (၄/၂)အကြားသို့ (Toll Gate) အသစ် ပြောင်းရွှေ့ဖွင့်လှစ်ကောက်ခံလိုကြောင်း ၂၄-၇-၂၀၁၄ ရက်နေ့မှာ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ တင်ပြထားခဲ့ပါတယ်။ ဒီလိုတင်ပြချက်အရ ဂိတ်ပြောင်းရွှေ့နိုင်ရေးအတွက် ဂိတ်သစ်တည်နေရာကို ကွင်းဆင်းအတည်ပြုစစ်ဆေးခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ သဘောထားနဲ့ (Toll Gate) အဆောက်အဦ ပုံစံသစ်များတို့အား စိစစ်ခြင်းများ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြပါအချက်အလက်များ ပြည့်စုံသည်နှင့်အမျှ အဆိုပါ (Toll Gate) ကို လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ရန်ကုန် - ပဲခူး နဲ့ ရန်ကုန် - နေပြည်တော် အမြန်လမ်းမကြီး စတင်ခွဲထွက်သော လမ်းဆုံရဲ့နောက်ပိုင်း ရန်ကုန် - ပဲခူးကားလမ်း မိုင်တိုင်(၄/၀)မှ (၄/၂)အကြားနေရာသို့ ပြောင်းရွှေ့နိုင်ရေး စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါ့မယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၅ နာရီ အချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၀ အချိန်တွင် ပြန်လည် စတင်ပါသည်။]

**အချိန်၊ ၁၁း၀၃။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည် ပြုပြီးပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည် ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်ကပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးရန် အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၄

၄။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ အခန်း(၅)၏ ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည်။

တင်သွင်းလွှာကို စိစစ်ခြင်း၊ ကြားနာခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ သဘောထား ပြန်ကြားခြင်း၊ ဆုံးဖြတ်ခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၅

၅။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၁၈။ ဥက္ကဋ္ဌသည် ပုဒ်မ ၁၆ သို့မဟုတ် ပုဒ်မ ၁၇ သို့မဟုတ် ပုဒ်မ ၁၇-က သို့မဟုတ် ပုဒ်မ ၁၇-ခ အရတင်သွင်းသော တင်သွင်းလွှာ ပြည့်စုံမှု ရှိ/မရှိ စိစစ်တင်ပြရန် နိုင်ငံတော်သမ္မတကရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှတစ်ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရွေးချယ်သည့် အဖွဲ့ဝင်များအနက်မှ တစ်ဦးတို့ ပါဝင်သော တင်သွင်းလွှာ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၆

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး ဥပဒေ ပုဒ်မ ၁၉ ၌ ပါရှိသော စိစစ်ရေး အဖွဲ့သည် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဆိုသည့် စကားရပ်အစား တင်သွင်းလွှာ စိစစ်ရေးအဖွဲ့ သည် တင်သွင်းလွှာနှင့် စပ်လျဉ်း၍ ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၇

၇။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၁၉၊ ပုဒ်မခွဲ(က)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) ပုဒ်မ ၁၂ ပါ လုပ်ငန်းတာဝန်များအနက် မည်သည့်အချက်ကို တင်သွင်းကြောင်း ခွဲခြားစိစစ်ရမည်။ စပ်ဆိုင်သော အချက်အလက်များနှင့် ခိုင်လုံသော အထောက်အထား၊ စာရွက်စာတမ်းများ ရှင်းလင်းပြည့်စုံစွာ ပူးတွဲပါရှိခြင်း ရှိ/မရှိ စိစစ်ရမည်။ ယင်းသို့စိစစ်ရာတွင် ပြည့်စုံမှုမရှိကြောင်း တွေ့ရှိပါက လိုအပ်ချက်များကို သတ်မှတ်ချိန်အတွင်းတင်ပြစေရမည်။ ရှင်းလင်းပြည့်စုံစွာ တင်သွင်းခြင်းမပြုပါက တင်သွင်းလွှာကို ငြင်းပယ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပယ်ဖျက်ချက် -

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေ ပုဒ်မ ၂၅ ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ်၄/၂၀၁၃)တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထားရှိသင့်သဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၁၅ ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၏ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေ(Myanmar National Building Code)ကိုပြုစုထုတ်ဝေ၍ ကိုဥပဒေပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေ(Myanmar National Building Code)ကို ပြုစုထုတ်ဝေ၍ ကိုဥပဒေ ပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန်နှင့် စပ်လျဉ်းတဲ့အဆိုတစ်ရပ် တင်သွင်းလိုကြောင်း အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ဦးမျိုးမြင့် အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၉။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။အားလုံးမင်္ဂလာပါ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စု အစိုးရအဖွဲ့ ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကျန်းမာရွှင်လန်းကြပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေ (Myanmar National Building Code) ကို ပြုစုထုတ်ဝေ၍ ကိုဥပဒေပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံဟာ ဒီမိုကရေစီစနစ် ကူးပြောင်းတည်ဆောက်ရေး လမ်းကြောင်းပေါ်မှာ ခရီးနှင်ရင်း နိုင်ငံတော်အား ဘက်စုံဖွံ့ဖြိုးတိုးတက်စေဖို့ နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အထောက်အပံ့ အကူအညီများ ရရှိရေးနဲ့တကွ ပြည်တွင်း/ပြည်ပမှ စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်ပူးပေါင်းဆောင်ရွက်လျက်ရှိနေတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ သိသာထင်ရှားတဲ့ မြင်ကွင်းကတော့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်လျက်ရှိနေတဲ့ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းပေါ်ထွက်လာစေရေး နှစ်တို/နှစ်ရှည်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိတဲ့ ရုပ်ပုံလွှာဖြစ်ပါတယ်။ ဒီစီမံကိန်းများအနက် လူမှုစီးပွားရေး မြင့်တင်ရာမှာ အဓိကပါဝင်တဲ့ ဆောက်လုပ်ရေးကဏ္ဍ ဖွံ့ဖြိုးမှုနဲ့ ဆက်စပ်လျက် လုံးချင်းမှသည် အထပ်မြင့်လူနေအိမ်ရာ ဖွံ့ဖြိုးမှု

(Single to Middle Level Storeyed Buildings Development) အထပ်မြင့် လူနေအဆောက်အအုံများဖွံ့ဖြိုးမှု၊ (High-rise Buildings Development)။ ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များဖြင့် ဆောင်ရွက်တဲ့စီးပွားရေးနဲ့ ဆက်စပ် အခြေခံအထပ်မြင့် အဆောက်အအုံများဖွံ့ဖြိုးမှု၊ (Commercial High-rise Buildings Development) စသည် စသည်တို့ ဖြစ်ကြပါတယ်။

အခုလို ဖြစ်ပေါ်လာရတာကလည်း ခေတ်အရွေ့ သဘောတရားအရရှိပြီး မြို့ကြီး၊ မြို့ငယ်များ၊ ကျေးရွာများ တိုးချဲ့ထူထောင်လာခြင်းအောက်မှာ မြို့ ရွာ အတော်များများဟာ အရင်ကကဲ့သို့ မဟုတ်ဘဲ ပြောင်းလဲလာခြင်း၊ လူဦးရေ တိုးပွားလာခြင်း၊ အဆောက်အအုံ တော်တော်များများဟာ ကျောက်ပန်းရန် (Masonry)၊ အုတ်ပန်းရန် (Brickwork) ကွန်ကရစ် အမျိုးအစား ပြောင်းလဲတည်ဆောက်လာခြင်းတို့ကြောင့် ဖြစ်ပါတယ်။ ပြည်ထောင်စုအစိုးရ တာဝန်ယူခဲ့ချိန်မှ လက်ရှိအချိန်အထိ ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်အတွင်းမှာ အဆိုပါ အဆောက်အအုံကြီးများအကောင်အထည်ဖော်မှုမှာ နှစ်အလိုက် ကျယ်ကျယ်ပြန့်ပြန့် ဖွံ့ဖြိုးလာမှုနဲ့ ဆက်စပ်ပြီးတော့ အထပ်(၁၂)ထပ်နှင့် အထက် အဆောက်အအုံများ တိုးတက်လာမှုကို ကျွန်တော် Slide (1)ဖြင့် တင်ပြအပ်ပါတယ်။

ကျွန်တော်တို့ ၂၀၁၁ ခုနှစ်မှာဆိုရင် ရုံးများ၊ ဈေးဝယ်စင်တာများ၊ ဟိုတယ်များနှင့် လူနေအိမ်ရာ (၁၇)လုံး၊ ၂၀၁၂ ခုနှစ်မှာ (၁၈)လုံး၊ ၂၀၁၃ ခုနှစ်မှာ (၂၆)လုံးနဲ့ ၂၀၁၄ ခုနှစ်၊ မေလ အထိမှာဆိုရင် (၁၃)လုံးအထိ ရှိလာတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဈေးကွက်စီးပွားရေး နယ်ပယ်ဆိုင်ရာ အထပ်မြင့် အဆောက်အအုံများဖြစ်ကြတဲ့ ဌာနဆိုင်ရာ ရုံးများ၊ ကုမ္ပဏီများ၊ အများပြည်သူဈေးဝယ်စင်တာများ (Shopping Malls)၊ ဟိုတယ်များ ဖွံ့ဖြိုးတိုးတက်လာမှုတို့ကိုလည်း Slide (2 ) နဲ့ ကျွန်တော် ဖော်ပြထားပါတယ်။

စုစုပေါင်း ၂၀၁၁ ခုနှစ်မှာ (၄)လုံး၊ ၂၀၁၂ ခုနှစ်မှာ (၁၀)လုံး၊ ၂၀၁၃ ခုနှစ်မှာ (၁၅)လုံးနဲ့ ၂၀၁၄ ခုနှစ်၊ မေလအထိမှာ (၇)လုံးရှိတာ တွေ့ရှိရမှာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာနဲ့ စာရင်းပြုစုပါက လုံးချင်းတစ်ထပ်၊ နှစ်ထပ်စတဲ့ လူနေအိမ်ရာများနဲ့ အထပ်မြင့် အဆောက်အအုံကြီးများ အရေအတွက်ဟာ ရန်ကုန်မြို့တော်ရဲ့ (၃)ဆမှ (၄)ဆခန့်အထိရှိမယ်လို့ ခန့်မှန်းပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဆွေးနွေးတင်ပြခဲ့တဲ့အတိုင်း လူနေအဆောက်အအုံများနဲ့ စီးပွားရေး ဆက်စပ် အထပ်မြင့်အဆောက်အအုံကြီးများ ဖွံ့ဖြိုးမှုအကောင်အထည်ဖော်လုပ်ဆောင်ရာမှာ ကမ္ဘာ့ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးမှာ အဆောက်အအုံ အတန်းအစားအလိုက် (Level-wide) အဆောက်အဦဆိုင်ရာကိုဥပဒေများ (Building Codes) ပြဋ္ဌာန်းထားပြီးတော့ ယင်းပြဋ္ဌာန်းချက်များပါအတိုင်းလည်း လိုက်နာကျင့်သုံးစေလျက် ရှိပါတယ်။ မြန်မာနိုင်ငံနဲ့ ဆက်စပ် ပူးပေါင်းပါဝင်လျက် ရှိကြတဲ့ဖွံ့ဖြိုးပြီးနိုင်ငံကြီးများဖြစ်တဲ့ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန် တို့ဟာလည်းကောင်း၊ အာဆီယံနိုင်ငံများဖြစ်ကြတဲ့ ထိုင်း၊ ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စတဲ့နိုင်ငံများဟာလည်းကောင်း အမျိုးသားအဆင့် အထပ်မြင့်အဆောက်အအုံများ အလယ်အလတ်အဆောက်အအုံများ၊ မြို့နယ်နဲ့ ကျေးရွာအဆင့် အဆောက်အဦဆိုင်ရာ ကိုဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလျက် ရှိနေတာလေ့လာသိရှိ ရပါတယ်။ တောင်ပေါ်ကုန်းတွင်းပိတ် နိုင်ငံတစ်နိုင်ငံဖြစ်တဲ့ နီပေါနိုင်ငံမှာပင် အဆင့်

သတ်မှတ်ကိုဒ‌ဥပဒေ (levelled Codes)ကို မြို့နယ်ကျေးရွာအဆင့်အတွက်ပါ လိုက်နာကျင့်သုံးစေလျက် ရှိကြောင်း လေ့လာသိရှိရပါတယ်။

၎င်းအပြင် အာဖရိကနိုင်ငံအတော်များများမှာလည်း အမျိုးသားအဆင့်အဆောက်အအုံများဆိုင်ရာကိုဒ‌ဥပဒေများ (National Building Codes) ပြဋ္ဌာန်းပြီး စနစ်ကျစွာ ကျင့်သုံးနိုင်ကြတဲ့အဆင့် ရရှိနေကြပြီ ဖြစ်ပါတယ်။ ဖော်ပြခဲ့တဲ့နိုင်ငံများနဲ့အတူ အခြားဖွံ့ဖြိုးဆဲ၊ ဖွံ့ဖြိုးပြီးနိုင်ငံများဟာ အပြည်ပြည်ဆိုင်ရာ အဆောက်အအုံ ကိုဒ‌ဥပဒေ (International Building Codes) အဖွဲ့အစည်းရဲ့ ပြဋ္ဌာန်းချက်များအပေါ် မှီငြမ်းလျက် မိမိနိုင်ငံနဲ့လိုက်ဖက်မယ့် ကိုဒ‌ဥပဒေများကို ပြဋ္ဌာန်းကျင့်သုံးလျက် ရှိကြပါတယ်။ ယင်းအဖွဲ့အစည်းကြီးဟာ အဆောက်အအုံဆိုင်ရာ ကိုဒ‌ဥပဒေပြဋ္ဌာန်းချက်များကို သုံးနှစ်လျှင် တစ်ကြိမ် ပြန်လည်သုံးသပ်ခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို လုပ်ကိုင်လာခဲ့တာမှာ ၂၀၁၂ ခုနှစ်က ဆိုလို့ရှိရင် နောက်ဆုံးအကြိမ်အဖြစ် ပြုစုထုတ်ဝေခဲ့ပြီးလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေ့ပိုင်းမှာဆွေးနွေးခဲ့သလို နိုင်ငံတကာမှာ အဆင့်အတန်းအလိုက် အဆောက်အအုံဆိုင်ရာ ကိုဒ‌ဥပဒေများပြဋ္ဌာန်းကျင့်သုံးလျက် ရှိနေချိန်မှာ မြန်မာနိုင်ငံအနေနဲ့ မိမိနိုင်ငံနဲ့လိုက်ဖက်မယ့် မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ ကိုဒ‌ဥပဒေ (Myanmar National Building Code)ကို ပြဋ္ဌာန်းကျင့်သုံးနိုင်ခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်။ လက်ရှိမြန်မာနိုင်ငံမှာ အဆောက်အအုံဆိုင်ရာ ကိုဒ‌ဥပဒေများကို အဆောက်အအုံအဆင့်အတန်းအလိုက် ကျယ်ကျယ် ပြန့်ပြန့် ကျင့်သုံးနိုင်တဲ့ သတ်မှတ်အမျိုးသားအဆင့် (National Level) ကို မရရှိသေးပါ။ Level အလိုက် အပိုင်းများဖြင့် ခွဲခြားပြုစုပြဋ္ဌာန်းကျင့်သုံးနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ပါတယ်။

ဥပမာအားဖြင့် တိုင်းဒေသကြီးများ၊ ပြည်နယ်များမှာ ရှိကြတဲ့ ကျေးလက်နဲ့မြို့ပြအချို့ရဲ့ လူနေအိမ်ရာ အများစုမှာ အင်ဂျင်နီယာတွက်ချက်မှုများဖြင့် တည်ဆောက်ထားခြင်းမရှိတာကြောင့် ဒေသနဲ့လိုက်ဖက်မယ့် အဆောက်အအုံဆိုင်ရာ ကိုဒ‌ဥပဒေများကိုပါ ကိုဒ‌ဥပဒေရဲ့အပိုင်းတစ်ပိုင်းအဖြစ် ပြုစုပြဋ္ဌာန်းရန် လိုအပ်ပါတယ်။ ရှေ့ပိုင်းမှာဆွေးနွေးခဲ့တဲ့ နီပေါနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ ကိုဒ‌ဥပဒေကို မှီငြမ်းကိုးကားပြီး ဖော်ပြပါ အဆင့်အတန်းမျိုးအတွက် မိမိနိုင်ငံသုံး ကိုဒ‌ဥပဒေအဖြစ် ပြဋ္ဌာန်းကျင့်သုံးလျက် ရှိတာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆောက်အအုံ ကိုဒ‌ဥပဒေကို ဖွင့်ဆိုရပါလျှင် အဆောက်အအုံများဆိုင်ရာ စီမံကွပ်ကဲမှုနိယာမနှင့် ထိန်းချုပ်မှုဘောင်အတွင်း အာမခံချက်ပေးသောဒီဇိုင်းပုံစံပြုခြင်း၊ တည်ဆောက်အကောင်အထည်ဖော်ခြင်း၊ နည်းစနစ်ပြန်လည်သုံးသပ်ပြောင်းလဲခြင်းနဲ့ ချို့ယွင်းမှု ပြင်ဆင်မွမ်းမံခြင်းတို့ ပါဝင်သကဲ့သို့ နေထိုင်အသုံးပြုသူများနဲ့ ဆက်စပ်လူ့အဖွဲ့အစည်းပတ်ဝန်းကျင်တို့၏ လုံခြုံစိတ်ချရမှု၊ ကျန်းမာရေးနှင့် လူနေမှုအရည်အသွေး မြင့်မားစေမှုတို့အတွက် အချိုးညီညီ စည်းစနစ်ကျနစွာ ဖန်တီးထားမှု ဖော်ပြပါရှိပြဋ္ဌာန်းချက်ပင် ဖြစ်ပါတယ်။ ကျွန်တော့်ရှေ့ပိုင်းတွင် ဆွေးနွေးခဲ့သလို မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ ကိုဒ‌ဥပဒေကို ထုတ်ပြန်ပြဋ္ဌာန်းကျင့်သုံးခြင်း မရှိသေးသော်လည်းပဲ နိုင်ငံအတွင်းမှာ လွတ်လပ်ရေးမရရှိမီနဲ့ လွတ်လပ်ရေးရရှိသည့်နောက်ပိုင်း တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် သတ်သတ်မှတ်မှတ် တစ်ပြေးညီ ကျင့်သုံးနိုင်ခြင်းမရှိဘဲ ကျင့်သုံးမှု ကွဲပြားခြားနားလျက် ရှိကြတာတွေ့ရှိကြရမှာ ဖြစ်ပါတယ်။ လက်ရှိမှီငြမ်းကိုးကား ကျင့်သုံးလျက်ရှိတဲ့ ကိုဒ‌ဥပဒေများ codes ကို သိရှိရန်နှင့် ဒါကိုကျွန်တော် Slide (3) နဲ့ ကျွန်တော်ဖော်ပြထားပါတယ်။

ဗြိတိသျှနဲ့အိန္ဒိယကိုဓဥပဒေများနှင့် စံချိန်စံညွှန်းများ (British Codes, India Codes and Specifications၊ ဌာနဆိုင်ရာကိုဓဥပဒေများ (Departmental Codes and Rules)၊ မြို့တော်စည်ပင်သာယာရေးအဖွဲ့ ပြဋ္ဌာန်းချက်များ၊ နည်းဥပဒေနှင့် စည်းမျဉ်းများ (City Development Committee's By-Laws, Rules and Regulations)၊ အဆောက်အအုံဒီဇိုင်းဆိုင်ရာ အမေရိကန်ကိုဓဥပဒေများ၊ စံချိန်စံညွှန်းများ (US Codes and specifications for Building Designs) စက်မှုနဲ့လျှပ်စစ်ပိုင်းဆိုင်ရာ ဗြိတိသျှကိုဓဥပဒေ၊ အမေရိကန်ကိုဓဥပဒေ စင်ကာပူကိုဓဥပဒေ (BS Codes, US Codes၊ Singapore Cordes ဆိုပြီးတော့ ဒါတွေကိုပဲ ကျွန်တော်တို့ မှီငြမ်းကိုးကားပြီးတော့ အဆောက်အအုံကြီးများကို အကောင်အထည်ဖော်ဆောင်လျက်ရှိတာကို လေ့လာ တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ နိုင်ငံတစ်နိုင်ငံရဲ့ အဆောက်အအုံပိုင်းဆိုင်ရာကိုဓဥပဒေကို ပြုစုရာမှာ ကျွန်တော်ရှင်းလင်းဆွေးနွေးခဲ့သလို အမေရိကန်နိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကိုဓဥပဒေကောင်စီ (International Code Council, Inc) လက်အောက်ရှိ အပြည်ပြည်ဆိုင်ရာ အဆောက်အအုံကိုဓဥပဒေ (International Building Codes) ပါကဏ္ဍအလိုက် ခွဲခြားပြဋ္ဌာန်းချက်များကို မိမိနိုင်ငံနဲ့လိုက်လျောညီထွေစွာ ပြဋ္ဌာန်းနိုင်ဖို့စဉ်းစားဆောင်ရွက်နိုင်ကြရပါမယ်။ လုပ်ငန်းကဏ္ဍ သို့မဟုတ် အတန်းအစားများကို ၂၀၀၉ ခုနှစ်အရ အများအားဖြင့် အခန်း(၁၄)ခုခွဲခြားထားတာ လေ့လာတွေ့ရှိ ရပါတယ်။ Slide (4) နှင့် Slide 4(A) တို့ဖြင့်လည်းကောင်း ဖော်ပြထားပါတယ်။ Slide (4) မှာဆိုလို့ရှိရင် အသုံးပြုခြင်းနဲ့ နေထိုင်မှုအခြေအနေ (Use and Occupancy Classifications) နှင့် ယင်းအတွက် အသေးစိတ်လိုအပ်ချက်တွေ Special Detailed Design Requiremnts Based ဟာ SN(1)နှင့် တကွ နောက် အဆောက်အဦ အမြင့်နဲ့အကျယ်အဝန်းတွေ (Building Heighs and Area) မီးဘေးခံနိုင်စွမ်း အဆင့်တည်ဆောက်မှု (Fire Resistance-Rated Construction)၊ မီးဘေးကာကွယ်မှု ထည့်သွင်းစီစဉ်ထားမှုများ (Fire Protection System)၊ သာမန်နဲ့အရေးပေါ်ဝင်လမ်း/ထွက်လမ်းများ ဆက်စပ်ပါဝင်မှု (Means of Egress)၊ အဆောက်အအုံနဲ့ဆက်စပ်ဖွဲ့စည်းမှု၊ လွယ်ကူစွာဆက်စပ် သွားလာနိုင်မှု (Accessibility) တို့ဖြစ်ကြပါတယ်။ 4(A) မှာဆိုရင် အပြင်ပိုင်းနံရံများလုံခြုံအာမခံနိုင်မှု (Exterior Walls)၊ အမိုးနဲ့အမိုးထိပ်ပိုင်း (Roof Assemblies and Roof of Top Structures) နောက် အဆောက်အအုံဒီဇိုင်းဆိုင်ရာစံချိန်စံညွှန်းများ (Structural of Design and Specifications)၊ မြေအမျိုးအစားဂုဏ်သတ္တိနဲ့ အုတ်မြစ်လုံခြုံ စိတ်ချရမှု (Soils and Foundations)၊ နောက် သစ်သားထည် (Wood)၊ ပလတ်စတစ် ပုံစံအမျိုးမျိုး (Plastic)၊ အရေးကြီးဆုံးကတော့ အများသုံးအခြေခံအဆောက်အအုံများနဲ့ ဆက်စပ်ချဉ်းကပ်မှု (Encroachments into Public Right of Way) ဖြစ်ကြပါတယ်။

အချိန်ကိုငဲ့ညှာသောအားဖြင့်လည်းကောင်း၊ ပညာရပ်ပိုင်းဆိုင်ရာအသေးစိတ်ပါဝင်၍ လည်းကောင်း အခန်းတစ်ခုချင်းစီအလိုက် လွန်စွာကျယ်ပြန့်ပါတဲ့အတွက် ဆွေးနွေးခြင်း ကျွန်တော် မပြုတော့ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ၁၄-၃-၂၀၁၄ ရက်နေ့ ကျင်းပခဲ့တဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့မှာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အခြေခံအဆောက်အဦ

များ အပေါ် ငလျင်၏သက်ရောက်မှုများစစ်ဆေးရန် အဆိုတင်သွင်းခဲ့ပါတယ်။ ယင်းအဆိုအပေါ်မှာ ကျွန်တော်ပါဝင် ဆွေးနွေးခဲ့တဲ့ လွတ်လပ်ရေးမရရှိမီနဲ့ နောက်ပိုင်းတည်ရှိအသုံးပြုဆဲဖြစ်တဲ့ ရုံးနဲ့လူနေတိုက်တာ အဆောက်အဦများရဲ့ လုံခြုံစိတ်ချနိုင်မှုနဲ့ဆက်စပ်ပြီး မြန်မာနိုင်ငံအဆောက်အအုံများဆိုင်ရာ ကိုဓဥပဒေ ပြုစုပြဋ္ဌာန်းပေးရေးအဆိုကို တင်သွင်းနိုင်ရန် အစဥ်တစိုက်စဥ်းစားလာခဲ့ပါတယ်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိတဲ့ နောက်မှာ ၄-၈-၂၀၁၄ ရက်နေ့ ရန်ကုန်မြို့ကို ဗဟိုပြုပြီးတော့ ရစ်ချ်တာစကေး (၄)အဆင့်ရှိငလျင်နဲ့ ၅-၈-၂၀၁၄ မှာ ရန်ကုန်မှမိုင် (၈၀)အကွာ မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ ရစ်ချ်တာစကေး (၄.၅) အဆင့်ရှိ ငလျင်(၂)ခု လှုပ်ခတ်သွားခဲ့တာကြောင့် သိသာထင်ရှားတဲ့ ပျက်စီးမှုများ မဖြစ်ပေါ်ခဲ့သော်လည်းပဲ အရည်အသွေးနိမ့် လူနေအဆောက်အဦအချို့ အပေါ် သက်ရောက်မှုရှိခဲ့တာ တွေ့ရှိရပါတယ်။ ငလျင်သဘာဝအန္တရာယ်ဟာ ဒီထက်မက ပြင်းအားဖြင့် အင်အား ပြင်းပြင်း ခြိမ်းခြောက်လာပါက အထူးအလေးထားဂရုပြုကြရန်နှင့် နိုင်ငံတော်နဲ့ပြည်သူအတွက် အဆောက်အအုံဆိုင်ရာ ကိုဓဥပဒေဟာ မည်မျှအရေးကြီးတယ်ဆိုတာ တင်ပြရတဲ့ အကြောင်းရင်း ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့သုံးသပ်လိုတာကတော့ အထပ်နိမ့်၊ အထပ်မြင့်အဆောက်အအုံများရဲ့ ခိုင်ခံ့စိတ်ချရမှုဟာ ဟောင်းသည်၊ သစ်သည်တို့အပေါ်မှာ မူမတည်ဘဲနဲ့ ဆောက်လုပ်ခဲ့စဥ် လိုက်နာကျင့်သုံးရမယ့် ပြဋ္ဌာန်းချက်များ (Codes, Rules and Regulations)၊ စံချိန်စံညွှန်းများ (Technical Specifications, Standards) စသည့်အတိုင်း ဆောင်ရွက်၍ လုပ်ငန်းအရည်အသွေး ထိန်းချုပ်မှုအောက်တွင် ရှိ/မရှိနဲ့ သက်တမ်းအတိုင်းအတာတစ်ခုအထိ လုပ်ငန်းအရည်အသွေးအပေါ်မှာ အာမခံမှု (Quality Control and Quality Assurance) တို့ဟာ ယနေ့နိုင်ငံတကာမှာ ကျင့်သုံးလျက် ရှိတဲ့အတိုင်း မှီတည်တယ်ဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငလျင်ဟာ အခြားသဘာဝဘေးအန္တရာယ်များ ဖြစ်ကြတဲ့ မုန်တိုင်း (Cyclone)၊ ရေကြီးမှု (Flood) မြေပြိုဆင်းမှု (Landslides) ဆူနာမီ လှိုင်းလုံး (Tsunami)၊ မီးဘေး စသည်တို့နဲ့မတူဘဲ မည်သည့်အချိန်မည်သည့်နေရာတွင် ပြင်းအား မည်မျှဖြင့် လှုပ်ခတ်မည်ကို နိုင်ငံတကာ ပညာရှင်များက ယနေ့အထိ တိကျစွာမခန့်မှန်းနိုင်ကြသေးပါ။ ဒါကြောင့် ငလျင်နဲ့ဆက်စပ်ဖြစ်ပေါ်မှုကို ခြုံငုံလေ့လာသိရှိနိုင်ရန် ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ယခင် ဦးခင်မောင်ရီ လာအဆိုတင်ပြခဲ့စဥ်တုန်းကလည်း ကျွန်တော့်အနေနဲ့ ငလျင်နဲ့ပတ်သက်တဲ့ power point များကို ပြသခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ ငလျင်ဇုန်အတွင်းကျရောက်နေပြီး ငလျင်နဲ့လည်း ကင်းကွာ၍ မရသောနိုင်ငံဖြစ်ပါတယ်။ Alpine Earthquake Belt ဟာ မြေထဲပင်လယ်မြောက်ပိုင်း တူရကီ၊ အီရန်၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ အိန္ဒိယမြောက်ပိုင်း၊ မြန်မာနိုင်ငံ၊ ကပ္ပလီ ကျွန်းစုများမှသည် အင်ဒိုနီးရှားနိုင်ငံအထိ ဆက်စပ်အကျုံးဝင်လျက် ရှိနေပါတယ်။

ကမ္ဘာ့ငလျင် အန္တရာယ်ပြပုံမှာ မြန်မာနိုင်ငံရဲ့အနေအထားကို slide (5) နဲ့ slide (6) တို့ဖြင့် ပြသထားပါတယ်။ ဒီအနီရောင်နဲ့ အညိုရောင်တွေဟာဆိုရင် ပြင်းအားအလွန်ပြင်းထန်တဲ့ ငလျင်ဇုန်များဖြစ်ကြပါတယ်။ Peak Ground Acceleration ဟာဆိုရင် (၃.၂) မှ (၄.၈) အထိလည်းကောင်း၊ (၄.၈) မှ (၁၀) အထိလည်းကောင်း ရှိတယ်ဆိုတာကို ကျွန်တော်တို့ တင်ပြလိုပါတယ်။ နောက်

မြန်မာနိုင်ငံရဲ့ Geomorphology and Tectonic Setting ပြပုံကိုလည်း slide (7) နဲ့ ကျွန်တော်ပြသထားပါတယ်။

မြန်မာနိုင်ငံအနောက်ရိုးမ Western Foldbelt မှာဆိုရင် ကဘော်ပြတ်ရွေ့ ဆိုတာရှိပါတယ်။ ကျွန်တော်တို့ အလယ်ပိုင်းမြစ်ဝှမ်းမှာဆိုရင် စစ်ကိုင်းပြတ်ရွေ့ နဲ့အရှေ့ရိုးမ၊ ရှမ်းပြည်နယ်ဘက်မှာဆိုရင် ကျောက်ကြမ်း၊ ဖာပွန်၊ ပြတ်ရွေ့များဟာ ကျွန်တော်တို့နိုင်ငံ ငလျင်တွေ ဖြစ်ပေါ်စေခဲ့တဲ့ အခြေခံများ ဖြစ်ပါတယ်။ ဒါ့အပြင် စစ်ကိုင်းပြတ်ရွေ့နဲ့ ၎င်းပြတ်ရွေ့အပေါ်တည်ရှိကြတဲ့ အဓိကမြို့ကြီးများကိုလည်း slide (8) နဲ့ ဖော်ပြထားပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အထက်ဆုံးပိုင်းကတော့ ရွှေဘိုဒေသ၊ ကျောက်ဆည်ဒေသ၊ ပျဉ်းမနားဒေသ၊ ပဲခူးဒေသနဲ့ ရန်ကုန်ဒေသများကို ဖော်ပြထားတဲ့ပုံများ ဖြစ်ပါတယ်။ မြန်မာနိုင်ငံ ငလျင်ပြင်းအားအလိုက် ဖော်ပြပါ နောက်ဆုံးပြုစုထားတဲ့ Seismic Zone Map ပါ slide (9) နဲ့ ကျွန်တော်တို့ တင်ပြလိုပါတယ်။ ဒီမှာဆိုလို့ရှိရင်လည်း ကိုယ်စားလှယ်တော်ကြီးများက မိမိတို့ရဲ့ ဒေသများမှာ ဒီအရောင်များဟာ ဘယ်ဒေသအတွင်းကျတယ်ဆိုတာ သိရှိနိုင်ကြပါတယ်။ ကျွန်တော်တို့ ဒါ ဧရာဝတီမြစ်နဲ့အပြိုင် ပဲခူးပြတ်ရွေ့ဟာ မြန်မာနိုင်ငံတောင်ပိုင်း၊ အဲဒီကနေ မြန်မာနိုင်ငံမြောက်ဖျားအထိ ရောက်အောင် နီညိုရောင်များနဲ့ ကျွန်တော်တို့ဖြတ်သန်းပြီးတော့ တည်ရှိနေတဲ့အတွက် ဒီငလျင်ဟာ မည်မျှ အန္တရာယ်ကြီးမားတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရှိနိုင်မှာဖြစ်ပါတယ်။ နမူနာတစ်ခုအနေနဲ့ ၁၉၆၄ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့မှာ ကျွန်တော်တို့ ငလျင်ပြင်းအား (၇.၄) နဲ့လှုပ်ခဲ့လို့မို့လို့ အောက်ခံအုတ်မြစ်ခံနိုင်ဝန် Liquefaction (ဒုံပေါက်ခြင်းကြောင့်) ဖြစ်ပေါ်ခဲ့လို့ ဂျပန်နိုင်ငံ (Niigata) ရှိတဲ့ အထပ်မြင့်အဆောက်အဦများ ပြိုလဲကျတဲ့ပုံကို slide (10) နဲ့ ကျွန်တော်တို့ပြသထားပါတယ်။ ဒါ ပြင်းအား (7.4) နဲ့ပြိုလဲတာဖြစ်ပါတယ်။ ယနေ့ ကမ္ဘာမှာ ကြုံတွေ့နေရတဲ့ ငလျင်အန္တရာယ်၊ မုန်တိုင်းအန္တရာယ် တို့ကို ဖော်ပြတဲ့ပုံကိုလည်း slide (11) နဲ့ ကျွန်တော် တင်ပြထားပါတယ်။ အစိမ်းရောင်တွေကတော့ မုန်တိုင်းတွေရဲ့အခြေအနေကို ဖော်ပြထားတာပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့မြန်မာနိုင်ငံဒေသအသီးသီးမှာ အထပ်နိမ့်၊ အထပ်မြင့်လူနေအဆောက်အဦကြီးများ၊ စီးပွားရေးနဲ့ဆက်စပ်အဆောက်အဦကြီးများ၊ ဟိုတယ်ကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာမှာ နိုင်ငံပေါင်းစုံမှ ကုမ္ပဏီကြီးငယ်များ ပါဝင်လျက် ရှိကြပြီးတော့ နိုင်ငံများကွဲပြားကြတဲ့အလျောက် Japan Codes, Korea Codes, Singapore Codes, China Codes, India Codes, Malaysia Codes, Vietnam Codes စသည်တို့ဖြင့် အစိတ်အပိုင်းတစ်ရပ် သို့မဟုတ် (Partial) တစ်ခုလုံးပြည့်ဝစွာ မှီငြမ်းကျင့်သုံးသည်မှာ ရှောင်ကွင်း၍ ရမည်မဟုတ်ဟု ယူဆပါတယ်။ လက်ရှိ၎င်းနိုင်ငံများနဲ့ ပူးပေါင်းဆောင်ရွက်နေတဲ့အတွက် ဖြစ်ပါတယ်။ စီးပွားရေး တွက်ခြေကိုက်မှု တစ်ခုတည်းကိုသာ ရှေ့တန်းတင်ပြီး ကိုဒ်ဥပဒေပြဋ္ဌာန်းချက်များဟာ တိကျစွာ မလိုက်နာဘဲ လျှော့ပေါ့ခြင်း (Relaxed)၊ နှုတ်ပယ်ခြင်း၊ ချန်လှပ်ခြင်း၊ စံချိန်စံညွှန်းဖြင့် အဆင့်မမှီခြင်း၊ လုပ်ငန်းအရည်အသွေးအဆင့်မမှီခြင်း စသည်တို့ကို ကျင့်သုံးကြဖွယ်ရာ ရှိတယ်လို့ သုံးသပ်လိုပါတယ်။ လုပ်ငန်းအရည်အသွေးထိန်းချုပ်မှု ကော်မတီအနေနဲ့လည်း တချို့အားနည်းချက်တွေကို ယင်းကုမ္ပဏီ များဟာ ထောက်ပြခဲ့ပြီး ဖြစ်ပါတယ်။

ဒါကြောင့်တစ်ဘက်မှာလည်း တတိယအဖွဲ့အစည်းအနေနဲ့ ကမ္ဘာပေါ်တွင်ရှေးအကျဆုံးနဲ့ မြန်မာနိုင်ငံအတွက် အကျွမ်းတဝင်ရှိပြီးတဲ့ British Codes / US Codes များကို အသုံးပြုစစ်ဆေးနိုင်ဖွယ် ရှိမယ်လို့လည်း မျှော်လင့်ထားပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း ကျင့်သုံးမှု တစ်ပြေးညီ ရှိစေရေးနဲ့ မိမိနိုင်ငံရဲ့ရေမြေသဘာဝ၊ ပတ်ဝန်းကျင် ပထဝီအနေအထား၊ ယဉ်ကျေးမှုစရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူမှုစီးပွား ပတ်ဝန်းကျင် စသည်တို့နဲ့ လိုက်လျောညီထွေ ရှိမယ့် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေ (Myanmar National Building Codes) ကို ပြုစုထုတ်ဝေ၍ ကိုဒ်ဥပဒေ ပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် အဆိုကို လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ။** ။အဆိုကို ထောက်ခံမယ့်သူရှိပါက ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၇။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ မန္တလေးတိုင်း၊ မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် ၏ မြန်မာနိုင်ငံအဆောက်အဦဆိုင်ရာ ကိုဒ်ဥပဒေ(Myanmar National Building Code) ကို ပြုစုထုတ်ဝေရေး ကိုဒ်ဥပဒေ ပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာ ကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ကျွန်မ မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီမြင့် မှ ထောက်ခံအပ်ပါတယ်ရှင်။

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဒ်ဥပဒေ(Myanmar National Building Code)ကို ပြုစုထုတ်ဝေ၍ ကိုဒ်ဥပဒေ ပြဋ္ဌာန်းချက်များပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း ဖြစ်ပါတယ်။

ဒါကြောင့် အဆိုကို လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။

အဆိုကို လက်ခံဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်က သဘောတူပါ သလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ်များ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

အဆိုကို လက်ခံဆွေးနွေးဖို့ သဘောမတူတဲ့ လွှတ်တော် ကိုယ်စားလှယ် မရှိတဲ့အတွက် ဦးမျိုးမြင့် ရဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း (သို့မဟုတ်) အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း**

**အချိန်၊ ၁၁း၂၉။**

**ဥက္ကဋ္ဌ။** ။ ဦးမျိုးမြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့် လွှတ်တော် ကိုယ်စားလှယ်များ ရှိပါက အစည်းအဝေး ရပ်နားတဲ့အခါ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့ကြဖို့ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဋ္ဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမှာ ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ၁၁း၃၀ နာရီ အချိန်တွင် ရပ်နားပါသည်။]